ကြေးမုံ The Mirror

၁၃၆၆ ခုနှစ်၊ နှောင်းတန်ခူးလဆန်း ၄ ရက်၊ အင်္ဂါနေ့၊ (12-4-2005) (၄၅၆၆)

တပ်မတော်ရဲ့ မှန်မြတ်တဲ့ဂုဏ်ရည်

☆ တို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပြည်သူကြားက ပေါက်ဖွားခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ တပ်မတော်ဟာ စတင်ဖွဲ့စည်း တည်ထောင်ချိန်ကစပြီး မှန်မြတ်တဲ့ အစဉ်အလာ(၁၂)ရပ်ကို လက်ဆင့်ကမ်းအမွေခံပြီး သယ်ဆောင်လာခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ မျိုးချစ်စိတ်ဓာတ်ကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် မိမိရဲ့ အသက်ကိုပင် စွန့်လွှတ်နိုင်စွမ်းရှိခြင်းဟာ တပ်မတော်ရဲ့ မှန်မြတ်တဲ့ဂုဏ်ရည်ဖြစ်တယ်။

နိုင်ငံတော်အချုပ်အခြာအာဏာကို မူလပိုင်ရှင် ပြည်သူလူထုထံ မှန်မှန်ကန်ကန် ပြန်လည်အပ်နှံနိုင်ရန်
နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ
တပ်မတော်၊ အစိုးရနဲ့ ပြည်သူတို့ လက်တွဲညီညီ ခေတ်မီနိုင်ငံတော်သစ်ကို တည်ဆောက်နေချိန်
ပြည်တွင်း ပြည်ပကအဖျက်သမားများ အမျိုးသားညီလာခံကြီးပျက်ပြားအောင် အမျိုးမျိုးထိုးနှက်လျက်ရှိ

ကောလာဟလတွေကို နားယောင်ခြင်းမရှိကြဘဲ အဖျက်ရန်မှန်သမျှ ပြည်သူနဲ့လက်တွဲပြီး တွန်းလှန်ချေမှုန်း

ရန်ကုန် ဧပြီ ၁၁

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်းပွဲ အခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ပြောကြားသည့် မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ရဲဘော်တို့–

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈)သင်တန်းဆင်းပွဲ အခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

ရဲဘော်တို့ဟာ အခြားအဆင့်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြရာမှာ စိတ်ဓာတ်နဲ့ စည်းကမ်းကောင်းမွန်ခြင်း၊ ကြိုးစားအားထုတ်မှုကောင်းမွန်ခြင်း၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၁၂-၄-၂၀၀၅
(အင်္ဂါနေ့)

ပိတောက်တွေဝင်းလျှံ ရွှေရည်လူးသည့် မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ကို ကြိုဆို

တန်ခူးလသည် မြန်မာ့နှစ်ဦး နှစ်သစ်အစ ပထမလဖြစ်သည်။ တောတောင်သစ်ပင်တို့တွင် ရွက်နုရွက်သစ်တို့ဖြင့် စိမ်းလန်းစိုပြည် သာယာလှပလျက်ရှိသည်။

သင်္ကြန်မိုးပြေးနှင့်အတူ ပန်းပိတောက်တို့ ပင်လုံးညွှတ်မျှ ဖူးပွင့်ဝေဆာလျက်ရှိသည်။ တန်ခူးလေသည် ရာသီပန်းများဖြစ်သည့် ကံ့ကော်ပန်း၊ ပိတောက်ပန်း၊ ရင်ခတ်ပန်းတို့၏ သင်းရနံ့များကို သယ်ဆောင်လာရာ ဝန်းကျင်တစ်ခိုတွင် ပန်းရနံ့များဖြင့် မွှေးပျံ့သင်းထုံလျက်ရှိသည်။

တော၏အလှ၊ တောင်၏အလှ၊ ရာသီပန်းတို့၏ အလှများဖြင့် ပြည့်စုံဝေဆာနေသည့် တန်ခူးလတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ဆင်နွှဲကြသည်။ မြန်မာနိုင်ငံတွင် တစ်ဆယ့်နှစ်လရာသီ ပွဲတော်များရှိသည့်အနက် တန်ခူးလ၌ ကျင်းပသည့် နှစ်သစ်ကူးသင်္ကြန်ပွဲတော်သည် ရက်အရှည်ကြာဆုံး၊ အစည်ကားဆုံးနှင့် ပျော်ရွှင်ဖွယ်ရာ အကောင်းဆုံးဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုအရ မြန်မာတို့၏ နှစ်သစ်ကူးပွဲတော်ကို မဟာသင်္ကြန်ပွဲတော်ဟု ခေါ်ဆိုကြသည်။ သင်္ကြန်ကို နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းသည့်ကာလ၊ ရေပက်ဖျန်းသည့် နှစ်သစ်ကူးပွဲတော်ဟု ဖွင့်ဆိုရေးသားကြသည်။

တန်ခူးလအချိန်အခါသမယသည် ရာသီဥတုသာယာလှပသည်။ မိုးလေကင်းစင်ပြီး နေမင်းသည် အစွမ်းကုန်ထွန်းလင်း တောက်ပလျက်ရှိရာ လူတိုင်းအလိုရှိဆုံး၊ အတောင့်တဆုံးအရာမှာ ရေပင်ဖြစ်သည်။ ရေသည်အပူကို ငြိမ်းစေ၊ အေးစေနိုင်၍ နှစ်သစ်ကူးပွဲတော်ကျင်းပရာတွင် တစ်ဦးကိုတစ်ဦးအေးမြသော ရေဖြင့် သွန်းလောင်းခြင်း၊ ပက်ဖျန်းခြင်းတို့ဖြင့် ပျော်ရွှင်ကြည်နူးစွာ ရေကစားကြခြင်းဖြစ်သည်။

သင်္ကြန်ပွဲတော်တွင် ရေသွန်းလောင်းပက်ဖျန်းကစားခြင်းသည် အပူရှိန်မှ သက်သာစေသည်သာမက ကြည်လင်အေးမြသော ရေဖြင့် ပက်ဖျန်းခြင်းကြောင့် ပျော်ရွှင်ဝမ်းမြောက်ကြပါစေ၊ အေးမြကြပါစေ ဟူသည့် ဆန္ဒပြုရည်ရွယ်မှုအကြောင်း တရားများလည်းပါဝင်ပေသည်။

ရေသည် အညစ်အကြေးဟူသမျှကို သန့်ရှင်းစင်ကြယ်စေသောကြောင့် သင်္ကြန်ရေပက်ဖျန်းကစားသူတိုင်းက နှစ်ဟောင်းမှ ဘေးဥပဒ် အန္တရာယ်များ ကင်းရှင်းကြပါစေ၊ ကိုယ်စိတ်နှစ်ပါး သန့်ရှင်းစင်ကြယ်ကြပါစေကြောင်း ရည်ရွယ်သွန်းလောင်းကြခြင်းဖြစ်ပေသည်။ ထို့အပြင် ရေသည် ခွဲခြား၍မရ၊ တစ်သားတည်း၊ တစ်ပြင်တည်း တည်ရှိနေသကဲ့သို့ ပြည်သူအများ မဟာသင်္ကြန်တွင် ရေကစားကြရာ၌ တစ်ဦးနှင့်တစ်ဦး တစ်စိတ်တည်း တစ်ဝမ်းတည်း အတူဆင်းသက်လာသည့် သွေးချင်းများပမာ စည်းလုံးခြင်း၊ ညီညွတ်ခြင်း၊ မေတ္တာစိတ်ပြည့်ဝခြင်း အနှစ်သာရများ ပြည့်လျှမ်းလျက်ရှိနေပေသည်။

မြန်မာ့ရိုးရာ အတာသင်္ကြန်သည် မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့လှသော ဓလေ့စရိုက်များ လွှမ်းခြုံလျက်ရှိသည်။ သင်္ကြန်ပွဲတော် ဆိုင်ရာကောင်းမြတ်သောအစဉ်အလာများကို အစဉ်အဆက် ထိန်းသိမ်းလာခဲ့ကြပြီဖြစ်သည်။ သင်္ကြန်အကြိုနေ့မှသည် သင်္ကြန်အတက်နေ့အထိကာလကို မြန်မာ့ရိုးရာ ယဉ်ကျေးမှု သင်္ကြန်ရက်များအဖြစ် သတ်မှတ်၍ ပျော်ရွှင်စွာ ရေဖျန်းပက် ကစားကြမည်ဖြစ်သည်။

ရေသဘင်ပွဲဆင်နွှဲသူများသည် သင်္ကြန်ရက်များအတွင်း ရေကစားကြရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်နှင့် ဖီလာဆန့်ကျင်ပြီး မြန်မာလူမျိုးများ၏ အမြင်တွင် မတင့်တယ်သည့် ဝတ်စားဆင်ယင်မှု၊ ပြုမူပြောဆိုမှုများ မပြုလုပ်မိကြစေရန် ထိန်းသိမ်းဆင်ခြင်ကြရမည်ဖြစ်သည်။

ထို့အပြင် ဗုဒ္ဓဘာသာယဉ်ကျေးမှု အဆုံးအမနှင့် ဖီလာဆန့်ကျင်သည့် အပြုအမူ၊ ပြောဆိုမှုများ၊ အချင်းချင်း ဒေါ်ရာအနာတရဖြစ်စေပြီး အန္တရာယ်ဖြစ်စေသည့် ကြမ်းတမ်းသည့် ရေကစားမှုများ၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ပျက်ပြားစေပြီး ဆူပူမှုကို ဖြစ်စေနိုင်သည့် လှုံ့ဆော်ဖန်တီးပြုမူပြောဆို ကြိုးပမ်းမှုများ မပြုလုပ်မိစေရန်လည်း အထူးသတိပြု ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ယခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူတစ်ရပ်လုံး အမျိုးသား ယဉ်ကျေးမှု အစဉ်အလာများနှင့်အညီ ပျော်ရွှင်ချမ်းမြေ့စွာ ရေသဘင်ပွဲ ဆင်နွှဲနိုင်ကြပါစေ၊ သင်္ကြန်ရေနှင့်အတူ သန့်စင်အေးချမ်းကြပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ မြန်မာ့နှစ်သစ်ကူး မဟာသင်္ကြန်ကို ကြေးမုံက ကြိုဆိုပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သစ်စေ့ပျိုးပွဲတော် အခမ်းအနားကျင်းပ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အားပေး

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ (ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့)၏ သစ်စေ့ပျိုးပွဲတော်အခမ်းအနားကို ဧပြီ ၉ ရက် နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ် (Central Forest Zone) အတွင်းရှိ ရန်ကုန်တိုင်း သစ်တောဦးစီးဌာန၏ ပျိုးဥယျာဉ်စခန်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်ခင်သက်ဌေးက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် ရည်ရွယ်၍ သစ်စေ့ပျိုးပွဲတော် ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းတို့က ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကများထံသို့ သစ်စေ့များ ဝေငှပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့က ပျိုးအိတ်နှင့် ပျိုးပေါင်များအတွင်းသို့ ကျွန်း၊ သစ်ဆိမ့်၊ ခရေ၊ စွယ်တော်၊ ပျဉ်းမ၊ ပိတောက် သစ်စေ့များကို ပျိုးထောင်ပေးကြသည်။

အမှတ်တရစိုက်ပျိုး

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် သစ်စေ့ပျိုးပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် သစ်မွှေးပင်၊ ကံ့ကော်ပင်နှင့် ခရေပင်များကို အမှတ်တရစိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့သည် ပျိုးဥယျာဉ်အတွင်း ပျိုးပင်၇၀၀၀ကျော် ပျိုးထောင်ဖြစ်ထွန်းနေမှု အခြေအနေများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဧပြီ ၉ရက်က ကျင်းပခဲ့သော ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့၏ သစ်စေ့ပျိုးပွဲတော်အခမ်းအနားတွင် ရတနာတန်းဝင် ကျွန်း၊ ပျဉ်းကတိုး၊ စီးပွားရေးအထောက်အကူပြုအပင်များဖြစ်သည့် သစ်ဆိမ့်၊ ပျဉ်းမ၊ မဟော်ဂနီ၊ ပိတောက်နှင့်အခြားစိမ်းလန်းစိုပြည်ရေးအပင်များဖြစ်သည့်ခရေ၊စွယ်တော်၊သော်ကလေး၊ ပင်လယ်ကဗွီး၊ ငုရွှေဝါ၊ ယင်းမာ၊ စစ်မန်ကျည်းစသည့်အပင်မျိုးပေါင်း၁၂မျိုး၊ သစ်စေ့အရေအတွက် နှစ်သိန်းကျော်ကို ပျိုးထောင်ခဲ့ကြသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ (ပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့)၏ သစ်စေ့ပျိုးပွဲတော် အခမ်းအနားတွင် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ပျိုးအိတ်နှင့် ပျိုးပေါင်များအတွင်းသို့ သစ်စေ့များကို ပျိုးထောင်ပေးစဉ်။
(ရန်ကုန်တိုင်း)

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီများနှင့် ပြည်နယ်နှင့်တိုင်း ဘောလုံးဒိုင်လူကြီး ဆပ်ကော်မတီ အလုပ်ရုံဆွေးနွေးပွဲဆင်း

ရန်ကုန် ဧပြီ ၁၁

အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ကြီးမှူးဖွင့်လှစ်သည့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဝင်များနှင့် ပြည်နယ်နှင့်တိုင်း ဘောလုံးဒိုင်လူကြီး ဆပ်ကော်မတီအဖွဲ့ဝင်များ အလုပ်ရုံဆွေးနွေးပွဲဆင်းပွဲ အခမ်းအနားကို ယမန်နေ့ညနေ ၄နာရီတွင် အမျိုးသားဘောလုံးလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်များ၊ အာဆီယံဘောလုံးအဖွဲ့ချုပ်မှ ကိုယ်စားလှယ် Mr. Subramaniam Nathan နှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေ အတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမှာစကား ပြောကြားပြီး အာဆီယံ ဘောလုံးအဖွဲ့ချုပ် ကိုယ်စားလှယ် Mr. Subramaniam Nathan က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ကျေးဇူးတင်

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ပြီးသင်တန်းသားများကိုယ်စား သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ပေးအပ်

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က အာဆီယံ ဘောလုံးအဖွဲ့ချုပ်ကိုယ်စားလှယ်အား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်သည်။
(သတင်းစဉ်)

အမှတ်(၁၀) လမ်း ၅၀ အလယ် ပုဇွန်တောင်မြို့နယ်နေ ဒေါ်ရင်မေ မိသားစုက အလှူငွေ ကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း ရန်ကုန်သို့ လှူဒါန်းရာ အလုပ်အမှုဆောင်ဦးအောင်ကြွယ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

သိက္ခာကံထပ်မင်္ဂလာ ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ရန်ကုန်တိုင်း တာမွေမြို့နယ် ပင်ရွှေညောင်လမ်းရှိ အရိယာမဂ္ဂင် ကမ္မဋ္ဌာန်းကျောင်းတိုက်နှင့် မွန်ပြည်နယ် ပေါင်မြို့နယ် ကျွဲခြံတောင် မဟာသမယဂူ အမဲစမ်းတောရ နှစ်ပါးဂူတို့၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဆရာတော်ကြီး ဘဒ္ဒန္တနန္ဒိယ၏ (၂၇)ကြိမ်မြောက် သိက္ခာကံထပ်မင်္ဂလာကို မဟာသင်္ကြန်အကြိုနေ့ ဧပြီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ဖိတ်ကြား

ဧပြီ ၁၃ ရက် နံနက် ၉ နာရီတွင် ဆရာတော်ကြီးနှင့်အတူ ပင့်သံဃာတော်များ၊ ဒုလ္လဘ ရဟန်းအပါး ၆၀ တို့ သိမ်ဆင်းကြမည်ဖြစ်ရာ သိမ်ဆင်းလောင်းလိုသူများ၊ လှူဒါန်းလိုသူများသည် မဟာဇမ္ဗူသိရိကျောင်းတိုက်သို့ အချိန်မီကြွရောက်ပါရန် ဖိတ်ကြားထားကြောင်း သိရသည်။ (က-ပ)

အလေးပြုခြင်း ခံယူ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ချစ်ကြည်ရေးခရီးလည်ပတ်ရန် ကမ္ဘောဒီးယားနိုင်ငံသို့ရောက်ရှိ

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်၏ ဖိတ်ကြားချက်အရ ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူနှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဧပြီ ၈ရက် နံနက်ပိုင်းတွင် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ ဟနွိုင်းမြို့မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ကြရာ ဒေသစံတော်ချိန် နံနက် ၁၁နာရီ ၄၅မိနစ်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြသည်။

လေယာဉ်ပေါ်မှဆင်းသက်လာသည့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းအား ကမ္ဘောဒီးယား အမျိုးသမီး လေးတစ်ဦးက ဂုဏ်ပြုပန်းကုံးပေးအပ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် ကြိုဆိုရေးအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် ဂုဏ်ပြုကြိုဆိုပွဲ အခမ်းအနားကိုကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူရန် အလေးပြုခံစင်မြင့်သို့သွားရောက်ကြပြီး ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်တီးဝိုင်းက ပြည်ထောင်စုမြန်မာနိုင်ငံတော်သီချင်းနှင့် ကမ္ဘောဒီးယားနိုင်ငံ သီချင်းတို့ကို တီးမှုတ်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားတွင် ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ၎င်းနှင့်အတူ ကြိုဆိုနှုတ်ဆက်ကြသည့် ဒုတိယဝန်ကြီးချုပ်များ၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မိတ်ဆက်ပေးစဉ်။ (သတင်းစဉ်)

လိုက်လံနှုတ်ဆက်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် စောင့်ကြိုနှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဒေါက်တာအောင်နိုင်နှင့် ဇနီး ဒေါ်အေးမိစံနှင့် သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံနှင့် ကမ္ဘောဒီးယားနိုင်ငံအလံငယ်များ ဝှေ့ယမ်းကြိုဆိုနေကြသည့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများအား လိုက်လံနှုတ်ဆက်ပြီး ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုမည့် ဖနောင်ပင်မြို့ရှိ Hotel Inter-Continental သို့ သွားရောက်ကြရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် လိုက်ပါပို့ဆောင်သည်။

(သတင်းစဉ်)

ထူးခြားသည့် နေ့အပူချိန်များ

(၁၁-၄-၂၀၀၅)

မြင်းခြံ

၄၂ ဒီဂရီစင်တီဂရိတ် (၁၀၈ ဒီဂရီဖာရင်ဟိုက်)

မန္တလေး၊ မင်းဘူး၊ မကွေးနှင့် ဟသ်ာတ

၄၁ ဒီဂရီစင်တီဂရိတ် (၁၀၆ ဒီဂရီဖာရင်ဟိုက်)

ပါကစ္စတန်နှင့် ကုန်သွယ်ရေးတိုးမြှင့်ရန် တရုတ်လိုလား နှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှု တိုးတက်လာစေရန် အားပေးမည်

ပေကျင်း ဧပြီ ၁၀

တရုတ်အစိုးရက ပါကစ္စတန်နိုင်ငံနှင့် ကုန်သွယ်မှုကို တန်ဖိုးထားကြောင်းနှင့် ပါကစ္စတန်နိုင်ငံသည် အချက်အချာကျသည့်ဒေသဟု ယူဆထားသဖြင့် ကုန်သွယ်မှုတိုးချဲ့ရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကျားပေါင်က ပါကစ္စတန် သတင်းမီဒီယာများအား တနင်္လာနေ့က ပြောကြားသည်။

နိုင်ငံတကာတွင် အပြောင်းအလဲ မြန်ဆန်မှုများနှင့် ကြုံတွေ့နေရသော်လည်း တရုတ်နှင့်ပါကစ္စတန် အစိုးရအနေဖြင့် စစ်မှန်ပြီး ဘက်စုံပူးပေါင်းဆောင်ရွက်မှုမျိုး ဖော်ဆောင်နိုင်ခဲ့ကြောင်း ဝမ်ကျားပေါင်က ပါကစ္စတန်သတင်းဌာနနှင့် တွေ့ဆုံမေးမြန်းရာတွင် ပြောကြားသည်။

ကြိုးပမ်း

နှစ်နိုင်ငံဆိုင်ရာခေါင်းဆောင်နှစ်ဦး ၂၀၀၃ ခုနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့သည့် ပူးတွဲကြေညာချက်၏ လမ်းညွှန်မှုအရ တရုတ်အစိုးရက ပါကစ္စတန်အစိုးရနှင့် ပူးပေါင်းပြီး ကဏ္ဍစုံတိုးချဲ့ရေး၊ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွား ဖြစ်ထွန်းရေးတို့အတွက် ကြိုးပမ်းသွားမည်ဟု ၎င်းက ပြောကြားသည်။

ဆွေးနွေး

နှစ်နိုင်ငံ၏ ကုန်သွယ်ရေး တိုးချဲ့ကာ ထုတ်လုပ်မှုခိုင်မာစေရန် အစီအစဉ်များ ချမှတ်နိုင်ဖွယ်ရှိပြီး လွတ်လပ်သည့် ကုန်သွယ်မှုဒေသ ထူထောင်ရန် ဆွေးနွေးမည်ဟု ဝမ်ကြားပေါင်က ဆက်လက်ပြောကြားသည်။

နှစ်နိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်စေရန်အတွက် တရုတ်အစိုးရက နှစ်နိုင်ငံ၏ ပုဂ္ဂလိကစီးပွားရေးကဏ္ဍအား အားပေးပြီး ကူညီပံ့ပိုးသွားမည်ဟု ၎င်းက ပြောကြားသည်။

တရုတ်နှင့် အာဆီယံနိုင်ငံများသည် အိမ်နီးချင်းများဖြစ်ကြပြီး ဖွံ့ဖြိုးဆဲနိုင်ငံများဖြစ်ကြကြောင်း၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးမှုမြှင့်တင်ရေးသည် အားလုံး သဘောတူမျှော်မှန်းချက်များဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မာစီဒီးကားရောင်းချရမှု မတ်လတွင် တိုးတက်

ဘာလင် ဧပြီ ၈

တစ်ကမ္ဘာလုံးတွင် မာစီဒီးကားရောင်းချရမှုသည် မတ်လတွင် ကားစီးရေ ၁၁၇၅၀၀ စီးရှိပြီး ယခင်လကထက် ရာခိုင်နှုန်းအားဖြင့် နှစ်ရာခိုင်နှုန်းတိုးမြှင့်လာသည်ဟု ဂျာမန်ကား ထုတ်လုပ်ရေးကုမ္ပဏီ ဒမ်လာခရိုက်စလာ ကုမ္ပဏီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

ယမန်နှစ် အလားတူကာလကနှင့် နှိုင်းယှဉ်လျှင် မာစီစီး-ဘန့်ဇ် အမှတ်တံဆိပ်ပါသော ကားစီးရေ ရောင်းချရမှုသည် ရာခိုင်နှုန်းအားဖြင့် ၂ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ထိုအချိန်တွင် စမတ်ကားစီးရေ ၁၄၁၀၀ ရောင်းချခဲ့ရပြီး ရာခိုင်နှုန်းအားဖြင့် ယခင်ကထက် ၄၉ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။

ပထမလေးလပတ်တွင် တစ်ကမ္ဘာလုံး၌ မာစီဒီး-ဘန့်ဇ်နှင့် စမတ်ကားများ ရောင်းချရသည့် ကားစီးရေသည် ၂၆၁၇၀၀ ရှိခဲ့ရာ ယမန်နှစ် အလားတူကာလကထက် ၄ ဒသမ ၅ ရာခိုင်နှုန်း လျော့ကျသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။



ဂျပန်နိုင်ငံရှိ တိုရှီဘာ အီလက်ထရောနစ် ကုမ္ပဏီက ထုတ်လုပ်သော မက်သနောလောင်စာသုံး ဘက်ထရီ(အပေါ်ပုံ)နှင့် သီးနှံမှထုတ်လုပ်သော ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့် ဒီဗွီဒီဓာတ်ပြား (အောက်ပုံ) တို့ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိရန် မလေးရှားနှင့် သြစတြေးလျ စတင်ဆွေးနွေးမည်

ကင်ဘာရာ ဧပြီ ၉

မလေးရှားနှင့် သြစတြေးလျနိုင်ငံတို့သည် လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ဆွေးနွေးပွဲများ စတင်တော့မည်ဖြစ်ကြောင်း သြစတြေးလျဝန်ကြီးချုပ် ဂျွန်ဟောင်းဝပ်က ကြာသပတေးနေ့တွင် ထုတ်ပြန် ကြေညာသည်။ ဂျွန်ဟောင်းဝပ်သည် သြစတြေးလျနိုင်ငံသို့ ရောက်ရှိနေသော မလေးရှားဝန်ကြီးချုပ် အာမက် ဘာဒါဝီနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ယင်းသို့ထုတ်ပြန်ကြေညာခြင်းဖြစ်သည်။

မလေးရှားဝန်ကြီးချုပ် ဘာဒါဝီသည် သြစတြေးလျနိုင်ငံသို့ အစိုးရအထက်တန်း တာဝန်ရှိသူတစ်ဦးအဖြစ် ပထမဆုံးအကြိမ် ရောက်ရှိလာသည်။ ဗုဒ္ဓဟူးနေ့ညက ကင်ဘာရာသို့ ရောက်ရှိလာသူ ဘာဒါဝီသည် ၂၁ နှစ်တာကာလအတွင်း သြစတြေးလျသို့ ပထမဆုံးအကြိမ် လာရောက်သည့် မလေးရှား ခေါင်းဆောင်တစ်ဦးဖြစ်သည်။

ကြီးကြီးမားမားရရှိ

မလေးရှားနှင့် သြစတြေးလျတို့သည် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက်ရရှိခြင်းဖြင့် နှစ်နိုင်ငံစလုံး အကျိုးကျေးဇူးများကို ကြီးကြီးမားမား ရရှိနိုင်ကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ဆက်ဆံရေးမြှင့်တင်

မိမိတို့နှစ်နိုင်ငံ ဆက်ဆံရေးမှာ ခိုင်မာတိုးတက်နေပြီး ဘာဒါဝီ၏ခရီးစဉ်သည် ဆက်ဆံရေးမြှင့်တင်ရန် နှစ်နိုင်ငံစလုံးက သန္နိဋ္ဌာန်ချမှတ်ထားမှုကို ဖော်ပြနေကြောင်း ဟောင်းဝပ်က ပြောကြားသည်။

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက် ရရှိရေးအတွက် ဆွေးနွေးမှုများ စတင်ရန် နှစ်နိုင်ငံစလုံးက ဆုံးဖြတ်ခဲ့ခြင်းအတွက် မိမိ ဝမ်းမြောက်မိကြောင်း ဘာဒါဝီက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လသို့ လူလိုက်ပါသည့်အာကာသယာဉ် လာမည့်နှစ် ၂၀ အတွင်း ဂျပန်လွှတ်တင်မည်

တိုကျို ဧပြီ ၁၀

ဂျပန်ပြည်တွင်းဖြစ်ပုံစံဖြင့် လူလိုက်ပါသည့် အာကာသယာဉ်တစ်စင်းကို လာမည့်နှစ် ၂၀ အတွင်း အာကာသသို့ လွှတ်တင်မည့် ရေရှည်အာကာသ စူးစမ်းလေ့လာရေး အစီအစဉ်တစ်ရပ်ကို ဂျပန် အာကာသယာဉ် အတတ်ပညာ စူးစမ်းရေးဌာန (ဂျေအေအိပ်စ်အေ)က ချမှတ်ထားကြောင်း ယင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အပြီးအစီးဆောင်ရွက်

ယင်းအစီအစဉ်အရ ဂျပန်ပြည်တွင်းဖြစ် အိပ်ချ်တူးအေ ဒုံးပျံတီထွင်ထုတ်လုပ်မှု နည်းပညာကို အခြေခံ၍ လူလိုက်ပါမည့် ဒုံးပျံယာဉ်ကို လာမည့် ၁၀ နှစ်အတွင်း အပြီးအစီးဆောင်ရွက်သွားမည်ဖြစ်သည်ဟု ဆိုသည်။

ထို့ပြင် အဆိုပါ ဂျေအေအိပ်စ်အေက ၂၀၂၅ ခုနှစ်တွင် ပြန်လည်အသုံးပြုနိုင်သည့် လူလိုက်ပါနိုင်သော အာကာသယာဉ်ပုံစံကို တီထွင်မည်ဖြစ်ပြီး ယခုအခါ နိုင်ငံတကာ အာကာသစခန်းများသို့ သယ်ယူပို့ဆောင်နေသော လူလိုက်ပါခြင်းမရှိသည့် ကုန်တင်အာကာသယာဉ် တီထွင်မှု နည်းပညာကို အခြေခံ၍ ပြုလုပ်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်သည် ဂျေအေအိပ်စ်အေ၏ ပထမဆုံး စူးစမ်းလေ့လာရေး အစီအစဉ်ဖြစ်ပြီး ယင်းအစီအစဉ်အတွက် အသုံးစရိတ်ခွင့်ပြုငွေ များများစားစား လိုအပ်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်အရ ဂျပန်နိုင်ငံတွင် အသုံးပြုနေသည့် စက်ရုပ်နည်းပညာကို အခြေခံကာ နိုင်ငံတကာ အာကာသစခန်းကို နှစ် ၂၀ အတွင်း စတင် တည်ဆောက်သွားမည် ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ချန်ဒူးမြို့တွင် ပြင်သစ်ရုပ်ရှင်ပွဲတော်ကျင်းပမည်

ချန်ဒူး ဧပြီ ၉

တရုတ်နိုင်ငံ အနောက်တောင်ဘက် စီချွမ်ပြည်နယ် ချန်ဒူးမြို့တော်တွင် ပြင်သစ်ရုပ်ရှင်ကား ရှစ်ကား ပြသရန်အတွက် လက်မှတ်များ ရောင်းချခဲ့သည်။

အဆိုပါရုပ်ရှင်ကားများကို တရုတ်စာတန်းများထိုး၍ ပြသမည်ဖြစ်ပြီး ပြင်သစ်ရုပ်ရှင်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၁၇ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း ချန်ဒူးမြို့၏ ဆင်မက်ရုပ်ရှင်ကုမ္ပဏီ၏ အထွေထွေမန်နေဂျာ ဇာကန်ဘင်က ပြောကြားသည်။

ဆက်လက်ကျင်းပ

တရုတ်နိုင်ငံတွင် ပြင်သစ်ရုပ်ရှင်ပွဲတော်ကို ပေကျင်းနှင့် ရှန်ဟိုင်းတို့တွင် ကျင်းပခဲ့ပြီးနောက် ချန်ဒူးမြို့တွင် တတိယမြောက် ကျင်းပခြင်းဖြစ်သည်။ တရုတ်နိုင်ငံအလယ်ပိုင်း ဂူဟန်ဒေသနှင့် တရုတ်နိုင်ငံအရှေ့ဘက် နန်ကျင်းဒေသတို့တွင်လည်း ပြင်သစ်ရုပ်ရှင်များကို ဆက်လက်ပြသမည် ဖြစ်သည်ဟု သိရှိရသည်။

ပြသ

ယမန်နှစ်က ချန်ဒူးသို့ ပြင်သစ်သမ္မတ ဂျက်ရှီရက် လာရောက်လည်ပတ်စဉ် ပြင်သစ်နှင့်တရုတ်ယဉ်ကျေးမှုဖလှယ်ရေး အစီအစဉ်အရ ယခုကဲ့သို့ ပြင်သစ်ရုပ်ရှင်များကို ပြသခဲ့ခြင်းဖြစ်သည်။

ထူးထူးခြားခြားရွေးချယ်

ချန်ဒူးမြို့သည် တရုတ်နိုင်ငံ၏ အနောက်ဘက်ရှိမြို့ဖြစ်သည်။ ထိုပြင်သစ်ရုပ်ရှင်ပွဲတော်ပြသမှုတွင် ချန်ဒူးမြို့ကို ထူးထူးခြားခြား ရွေးချယ်ခဲ့သည်ဖြစ်၍ အဆိုပါအခွင့်အရေးကို မိမိလက်လွှတ်ခံမည်မဟုတ်ကြောင်း ချန်ဒူးမြို့ခံ လင်ယွန်ရွှန်က ပြောကြားခဲ့သည်။

လက်မှတ်တစ်စောင်လျှင် ယွမ် ၄၀ (အမေရိကန်ဒေါ်လာ ၄ ဒသမ ၈၂) ပေးရသည်ဖြစ်၍ ရုပ်ရှင် ရှစ်ပွဲစလုံးအတွက် တစ်စောင်လျှင် ယွမ် ၁၈၀ (အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၇) သတ်မှတ်ထားကြောင်း ဇောင်က ပြောကြားသည်။

ကျင်းပ

ယခင်နှစ် အောက်တိုဘာလမှစ၍ ပြင်သစ်ရုပ်ရှင်ပွဲတော်ကို စတင်ခဲ့သည်။ တရုတ်နိုင်ငံတွင် နှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်အရလှုပ်ရှားမှုများတွင် ပြင်သစ်ယဉ်ကျေးမှုနှစ် ကျင်းပရေး အစီအစဉ်များ ပါဝင်ဆောင်ရွက်ထားမှုလည်း ပါဝင်သည်။ တရုတ်နိုင်ငံတွင် ပြင်သစ်ယဉ်ကျေးမှုနှစ်မတိုင်ခင် ပြင်သစ် နိုင်ငံတွင် တရုတ်ယဉ်ကျေးမှုနှစ်ကို ၂၀၀၃ ခုနှစ် အောက်တိုဘာလမှ ၂၀၀၄ ခုနှစ် ဇူလိုင်လအထိ ကျင်းပခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပြသ

ဂျပန်နိုင်ငံ တိုယိုတာကုမ္ပဏီထုတ် ပုံစံသစ် အင်နိုဗာကားများအား ဗန်ကောက်မြို့ အရောင်းပြခန်းတစ်ခုတွင် ပြသထားသည်ကို ဧပြီ ၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဗီယက်နမ် ပီလောပီနံမှုန့် တရုတ်ပြည်သို့ တိုးမြှင့်တင်ပို့

ဟနွိုင်း ဧပြီ ၉

ဗီယက်နမ်နိုင်ငံက မြောက်ပိုင်းနယ်စပ်မှတစ်ဆင့် တရုတ်ပြည်သို့ မတ်လအတွင်းက ပီလောပီနံမှုန့် တန် ၄၀၀၀ တင်ပို့ကြောင်း၊ ယင်းပမာဏမှာ ဖေဖော်ဝါရီလကထက် ၅၀ ရာခိုင်နှုန်းပိုမိုကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာန၏ကြေညာချက်အရ တနင်္လာနေ့က သိရသည်။

ဗီယက်နမ်မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် ရောင်းအားများ ကန့်သတ်ထားသည့်အတွက် တရုတ်ကုန်သည်များနှင့် ချုပ်ဆိုထားသော စာချုပ်အတိုင်းရောင်းချနိုင်ရေးအတွက် ဗီယက်နမ်ကုန်သည်များအနေဖြင့် တင်ပို့ရန် အခက်အခဲ တွေ့နေရသည်။ ယခုနှစ် စောစောပိုင်းက ပီလောပီနံမှုန့်ဈေးနှုန်းမှာ တစ်တန်လျှင် ယွမ် ၁၉၆၀ ရှိခဲ့ရာမှ ယခုအခါ တစ်တန်လျှင် ယွမ် ၂၀၅၀ အထိ ဈေးတက်လျက်ရှိသည်။

ထိုသို့ဈေးနှုန်းတက်ရခြင်းမှာ ဗီယက်နမ်နိုင်ငံတွင် ပီလောပီနံအထွက်နှုန်းကျဆင်းသည့်ပြင် တရုတ်၊ ဂျပန်နှင့်အချို့သော ဥရောပသမဂ္ဂ (အီးယူ)နိုင်ငံများက ဝယ်လိုအားများလာခြင်းကြောင့်ဖြစ်သည်ဆို၏။ ***အမ်အင်အေ၊ဆင်ဟွာ။***

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ကမ္ဘောဒီးယားနိုင်ငံ ဘုရင်အား ဂါရဝပြုတွေ့ဆုံ

ရန်ကုန် ဧပြီ ၁၁

ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၈ရက် ညနေ ၅နာရီ ၁၅မိနစ်တွင် ဖနောင်ပင်မြို့ရှိ ဘုရင့်နန်းတော်သို့သွားရောက်၍ ကမ္ဘောဒီးယားဘုရင် His Majesty Preah Bat Samdech Preah Boromneath Norodom Sihamoni အား ဂါရဝပြုတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်သူ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ ဝန်ကြီးချုပ်ရုံးညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့်ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ဘုရင့်နန်းတော်တွင် ကမ္ဘောဒီးယားဘုရင် His Majesty Preah Bat Samdech Preah Boromneath Norodom Sihamoni အား ဂါရဝပြု တွေ့ဆုံစဉ်။ (သတင်းစဉ်)

ဂါရဝပြု နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ကမ္ဘောဒီးယားနိုင်ငံဘုရင် His Majesty Preah Bat Samdech Preah Boromneath Norodom Sihamoni အား ဂါရဝပြု နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ဂျီးရီးယား သံအမတ်ကြီးခန့်အပ်ရန် သဘောတူ

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာသွန်ဆင်၊ ဆန်းဒေး၊ အိုလူဖန်ဆို၊ အိုလူမိုကိုအားခန့်အပ်ရန် နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ အစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စတာသွန်ဆင်၊ ဆန်းဒေး၊ အိုလူဖန်ဆို၊ အိုလူမိုကိုသည် ၁၉၅၀ပြည့်နှစ်တွင် မွေးဖွားခဲ့သည်။ ၎င်းသည် ၁၉၇၄ခုနှစ်တွင် အိုင်ဘာဒန်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၈၂ခုနှစ်တွင်မဟာဝိဇ္ဇာဘွဲ့ကိုနယူးယောက်မြို့ လူမှုရေးဆိုင်ရာသုတေသနတက္ကသိုလ်မှလည်းကောင်းရရှိခဲ့သည်။ ၎င်းသည် နိုင်ဂျီးရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနတွင် ၁၉၇၅ ခုနှစ်က စတင်ဝင်ရောက်အမှုထမ်းခဲ့ပြီးဂျနီဗာမြို့၊ နယူးယောက်မြို့၊ ဗီယင်နာနှင့်ရောမမြို့များရှိ နိုင်ဂျီးရီးယားသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့်တာဝန်ထမ်းဆောင်ခဲ့သည်။

မစ္စတာသွန်ဆင်၊ ဆန်းဒေး၊ အိုလူဖန်ဆို၊ အိုလူမိုကိုသည် ဗန်ကောက်မြို့တွင် ရုံးစိုက်နေထိုင်၍ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ဂျီးရီးယားပြည်ထောင်စုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

မစ္စတာ သွန်ဆင်၊ ဆန်းဒေး၊ အိုလူဖန်ဆို၊ အိုလူမိုကိုသည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးသုံးဦးရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

(သတင်း-၃) (သတင်းစဉ်)

ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် သံအမတ်ကြီး ဦးတင်ဝင်းအားပြောင်းရွှေ့ခန့်အပ်

ရန်ကုန် ဧပြီ ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်ဝင်းအား ပြည်ထောင်စု သမ္မတဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စု မြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ (သတင်းစဉ်)

မြန်မာနှစ်ဆန်း(၁)ရက်နေ့ ဇီဝိတဒါနငါးလွှတ်နိုင်ရန် ငါးသားပေါက်များ ရောင်းချပေးမည်

ရန်ကုန် ဧပြီ ၁၁

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်း ငါးလုပ်ငန်းစခန်း(လေးဒေါင့်ကန်စခန်း)နှင့်(လှော်ကားစခန်း)တို့က ဧပြီ ၁၇ ရက် မြန်မာနှစ်ဆန်း (၁)ရက်တွင် ပြည်သူများ ဇီဝိတဒါန ငါးလွှတ်နိုင်ရန်အတွက် ကမ္ဘာအေးကုန်းမြေ မင်္ဂလာကန်တော်ကြီး၊ ရွှေပြည်သာမြို့နယ် သာဓုကန်ဘုရားနှင့် ဗဟန်းမြို့နယ် ရွှေတိဂုံဘုရား(သွေးဆေးကန်)တို့တွင် ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ ငါးမြစ်ချင်း၊ တီလားပီးယား စသည့် ငါးသားပေါက်များကို ရောင်းချပေးသွားမည်ဖြစ်ပြီး အဆိုပါ ငါးသားပေါက်များကို ကောင်ရေ ၁၀၀၀ နှင့်အထက် ကြိုတင်မှာယူလိုသူများအတွက် ဖုန်း-၇၀၈၅၁၉၊ ၆၃၅၁၉၆၊ ၆၃၅၇၂၇ တို့သို့ ဆက်သွယ်မှာယူနိုင်သည်။ (သတင်းစဉ်)

ပန်ဆုယူ တာရေသွန်းချိန်မို့

မိုးထက်မြင့်(မြစ်ဝကျွန်းပေါ်)

နှစ်ဆန်းငယ် သင်္ကြန်
သစ်သစ်သာ ဖန်တော့တယ်
နိုင်ငံကြော့ ပြည်သူမှာ
ပန်ဆုယူ တာရေသွန်းချိန်မို့
လွမ်းလှတယ်လေး။ ။

မဟာအတုလမင်းကြီး၏ တန်ခူးလဘွဲ့ကဗျာသည် မြန်မာတို့၏နှစ်ကူး သင်္ကြန်ကို ပေါ်လွင်ထင်ရှားစေပါသည်။

ရာသီစက်ဝန်း လှည့်ပတ်မှုအရ **"နွေ၊ မိုး၊ ဆောင်း"** ဖြစ်ပေါ်မြဲဖြစ်သည်။ နွေဂိမာန်၏ သင်္ကေတမှာ ဥသြ၊ သင်္ကြန်နှင့် ပိတောက်တို့ဖြစ်ပါသည်။ ဥသြပျိုတေးဆိုလျှင် နွေရောက်ပြီဟု မြန်မာတို့သိကြသည်။ အထူးသဖြင့် ကျေးလက်က မြန်မာတို့က ပို၍ခံစားမှတ်မိကြသည်။ နွေသည် ဥသြမပါလျှင် မပြီးပေ။

ရွှေအကြောင်း ဖယောင်းသိသလို၊ နွေအကြောင်း ပိတောက်သိသည်။ နွေဂိမာန်မှာ ပိတောက်မပါလျှင် မပြီး။ သင်္ကြန် လက်ဆောင်မိုးနှင့်အတူ ပွင့်သောပန်း၊ နွေ၏အထူးပြုသောပန်း၊ မြေသင်းရနံ့နှင့်ယှဉ်၍ သင်းပျံ့မွှေးကြိုင်သောပန်းဖြစ်သည်။

ပိတောက်ပန်းနှင့် ပတ်သက်၍ စာဆို ဦးကြော့က **"တစ်နှစ်တွင်သည် တစ်လပေပ၊ တစ်လတွင် တစ်ရက်၊ ခက်ခဲတဲ့ရက် ဗုဒ္ဓါ၊ ပွင့်ရာကြ စုံမြိုင်တွင်း"**ဟု ဖွဲ့ဆိုခဲ့ပါသည်။

ပိတောက်ပွင့်သောရက်ကို မွန်မြတ်သောရက်အဖြစ် တင်စားခဲ့ကြသည်။ ပျိုတိုင်းကြိုက်သည့် ရွှေဝါပိတောက်၏ အလှကြောင့် နွေရာသီ၏သရုပ် ပိုမိုပီပြင်လာကာ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်တွင် လူဦးရေ ၇၀ ရာခိုင်နှုန်း မီတင်းနေထိုင်သော ကျေးလက်ဒေသ၏ နှစ်သက်မြတ်နိုးဖွယ်သော သဲဦးပန်း၊ ရိုးရာပန်းဖြစ်ပါသည်။ မြန်မာ့ကျေးလက် မောင်မယ်တို့သည် အတာရေသဘင်ကို ပိတောက်ခက်နှင့် ငွေဖလားဖြင့် ပက်ဖျန်းဆင်နွှဲကြပါသည်။

ရှေးယခင်က မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ နွေဦးအခါတွင် တောလမ်းခရီးမှ ကြွချီဖူးသည်။ ကာဠုဒါယီမထေရ်၏ လျှောက်ထားချက်အရ ဖခင်သုဒ္ဓေါဒနမင်းကြီးနှင့် ဆွေတော်မျိုးတော်တို့အား တရားဟောကြားရန် ကြွရောက်ခြင်းဖြစ်သည်။ နွေဦး၏ တောတောင်ရေမြေသည် အလွန်လှပသည်ဖြစ်ရာ တောလမ်းခရီးမှ ကြွချီလာသော ဘုရားရှင်နှင့် သံဃာတော်တို့လည်း စိတ်ကြည်နူး ချမ်းမြေ့ကြသည်။ ကာဠုဒါယီ မထေရ်သည် မြတ်စွာဘုရားအား စတင်လျှောက်ထားစဉ်ကပင် နွေဦး၏ သာယာပုံများကို ဂါထာဖွဲ့၍ ထုတ်ဖော်လျှောက်ထားခဲ့ခြင်းဖြစ်သည်။ ဂါထာပုဒ်ရေပေါင်း ၆၄ ပုဒ်ရှိသည်။ မှတ်ရလွယ်အောင် ဂါထာခြောက်ဆယ်ဟု ခေါ်ကြသည်။ ယင်းကို နှောင်းခေတ်တွင် ရဟန်းစာဆိုရှင် အုန်းညိုက **"ဂါထာခြောက်ဆယ်ပျို့"** ဟူ၍ စာပေဖွဲ့ပြီး ရေးသားပြုစုခဲ့ရာ မြန်မာစာပေတွင် အလွန်ထင်ရှားသည်။

ရွှေနှင်းပိတောက်
လဲနှင့်ပေါက်လည်း
တောက်သည် မီးရောင်
ပြောင်ပြောင်ညီးညီး
ပန်းတောင်ကြီးသို့
ခရီးတောဝယ်
မြိုင်အလယ်၌။ ။

မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ငါးများကို ဤသို့ ဘေးမဲ့လွှတ်ကြသည်။

ဟူ၍ တပေါင်းလအခါ တောလမ်းခရီး၌ ပန်းတို့ပွင့်နေကြပုံကို ရှင်အုန်းညိုက ကဗျာဖွဲ့ စာဖွဲ့ခဲ့သည်။

တပေါင်း တန်ခူး၊ မိုးသားကျူး၍ လေရူးက ဝေ့ဝေ့ဝဲနေသည်။ နွေဦးလများ၏ အလှတရားသည် မြန်မာတို့၏ နှလုံးသားကို ရသပွားများစေခဲ့ပါသည်။ နွေဦးမှာ သင်္ကြန်ကျသောအခါ မြန်မာတို့သည် နွေဦးအတာသဘင်ကို နွှဲပျော်ကြသည်။

မြန်မာလူမျိုးတို့၏နှစ်ဟောင်းမှ နှစ်သစ်ကူး အထိမ်းအမှတ်ပွဲတော်သည် သင်္ကြန်ဖြစ်ပါသည်။ သင်္ကြန်ပွဲတော်ကို နှစ်စဉ်တန်ခူးလတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိသည်။ နှစ်သစ်ကူးသင်္ကြန်ပွဲတော်တွင် ရေပက်ကစားသည့် ယဉ်ကျေးမှုဓလေ့သည် တကောင်းခေတ်ကပင် စတင်ကျင်းပခဲ့ပြီး ပုဂံခေတ်တွင် ပိုမိုထင်ရှားလာခဲ့သည်။

ရေသည် အေးမြကြည်လင်ခြင်း၊ အညစ်အကြေးကို ဆေးကြောခြင်းနှင့် ရေကိုသား၍ အကြားမထင်ဘဲ ဆက်စပ်နေခြင်းဟူသော နိမိတ်သုံးပါးကို ဆောင်လျက်ရှိပါသည်။ ထိုနိမိတ်သုံးပါးအရ နှစ်ဟောင်းမှ အညစ်အကြေးများကို ဆေးကြောသန့်စင်ရန် ပြည်သူအပေါင်းတို့၏ စိတ်နှလုံးများ နှစ်သစ်ကူးရေစင်ကဲ့သို့ အေးမြကြည်လင်စေရန်အပြင် မြန်မာ မျိုးနွယ်စုတို့ အချင်းချင်း ရေကိုသား၍ အကြားမထင်သကဲ့သို့ စည်းစည်းလုံးလုံး ချစ်ချစ်ခင်ခင် နေထိုင်ဆက်ဆံကြရန် ဟူသော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် သင်္ကြန်ပွဲတော်ကို ကျင်းပကြခြင်းဖြစ်သည်။

နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကို ဗုဒ္ဓဘာသာ တရားတော်အရ မွန်မြတ်သန့်စင်သော ကုသိုလ်ကောင်းမှုများနှင့်ပါ ယှဉ်တွဲကာဆင်နွှဲသည့် အစဉ်အလာကောင်းများရှိခဲ့သည်။

တန်ခူးလသည် နွေဥတုတွင် ပါဝင်သည်။ နွေရာသီသို့ ဝင်လာသည်မှာ လဝက်မျှသာ ကြာသေးသော်လည်း မြန်မာနိုင်ငံ အညာဒေသများတွင် အလွန်ပူပြင်းနေပြီဖြစ်ရာ **"တန်ခူးရေကုန် ကဆုန်ရေခန်း"** ဆိုသကဲ့သို့ ရေတွင်း ရေကန်များပင် ခြောက်ခန်းစပြုနေကြပါသည်။ သစ်ရွက်များ နေပူရှိန်ကြောင့် မြစိမ်းရောင်မှ ရွှေဝါရောင်သို့ ပြောင်းကူးခြောက်သွေ့ကြရရှာသည်။ နွေရာသီ၏ တောင်လေရူးက မြောက်လေနှင့် အပြိုင်တိုက်ခတ်လာသည့်အခါ ထိုသစ်ရွက်ခြောက်ကလေးများမှာ ဝေ့ဝေ့ဝဲဝဲဖြင့် လွင့်ပျံ့ကြွေကျလျက်ရှိကြသည်။

နှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင် လူငယ်လူရွယ်များက ဤသို့ ပျော်ရွှင်စွာ ရေပက်ဖျန်းကစားကြသည်။

သင်္ကြန်ပွဲတော် ကာလတွင် ဘိုးဘွားတို့အား ခေါင်းလျှော်၊ ခြေသည်း၊ လက်သည်းညှပ်ပြီး ကုသိုလ်ဒါနပြုကြစဉ်။

ရွှေမိုးညိုသည် ပြိုတော့မလိုဟန်ဖြင့် မိုးချုန်းသံ မြည်ဟည်း၍ လျှပ်ပန်းလျှပ်နွယ်တို့ လင်းလက်တောက်ပ၍ ဝန်းကျင်ပတ်ချာတစ်ခုလုံး မြည်ဟည်း တုန်ရိုက်နေပေသည်။ ဆီးနှင်းမြူတိမ် သူရိန်မီးခိုးဟူသည့် အမိုက်မှောင်တို့ကို ခွေဖြတ်ပယ်ရှင်းနိုင်သော ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် နေမင်းကြီးသည် အပြင်လမ်းကိုစွန့်၍ အလယ်လမ်းသို့ ကူးပြောင်းကာ ကွန့်မြူးထွန်းပနေချေပြီ။

အကိုင်းအသွေ့က် အဖူးအညွှန့်တို့ဖြင့် စီရရီထွက်ပြူ ဖူးပွင့်လျက်ရှိသော ငွေအဆင်းဆောင်သည့် ချီချီကြွကြွ ဖူးပွင့်နေကြသော ကံ့ကော်ပန်းတို့သည်လည်း လေယူရာသို့ ယိမ်းယိုင်ညွှတ်ကိုင်းနေကြပါသည်။

ကြည်လင်သောရေအလျဉ်၊ နှစ်သက်ဖွယ် တသွင်သွင် စီးဆင်းနေသော မြစ်ကမ်းသဲသောင်စပ်တွင် ဟင်္သာ၊ သောင်တင်း၊ ပိန်ညင်းငှက်တို့သည် အတောင်များ ဖြန့်ကာဝဲကာ ဖိုမယှဉ်တွဲ ချစ်တင်းနှော၍ နေကြလေသည်။ ရာသီစက်တစ်ဆယ့်နှစ်ကွက်တွင် ဤလရာသီသည် အခြားသော လရာသီတို့နှင့် ချိန်စက်နှိုင်းပြိုင်၍မမျှ။ တုဘက်ပြိုင်ဘက် ကင်းလွတ်သော လရာသီဖြစ်သည်။

အပူရှိန် ပြင်းလာပြီဖြစ်သော်လည်း မိုးအနည်းငယ် ရွာသွန်းလေ့ရှိသည်။ နှစ်သစ်ကူး သင်္ကြန်ကာလနှင့် ယင်းကာလ၏ ပတ်ဝန်းကျင်အချိန်များတွင် မိုးတစ်ကြိမ်နှစ်ကြိမ် ရွာသွန်းလေ့ရှိပါသည်။ ထိုမိုးသည် မြေပြင်အနှံ့ ပြန့်ကျဲစုပုံတည်နေကုန်သော သစ်ရွက်ခြောက်များကို တိုက်စားခွေဆွတ် ယူဆောင်သွားလေသည်။ သူ၏ရေယဉ်ကြောလမ်းအတိုင်း သစ်ရွက်ခြောက်များက စီးမျောလျက်ရှိပါသည်။ **"တန်ခူးမည်မှတ် ဖက်ဆွတ်ရေတိုး၊ သင်္ကြန်မိုး"** ဟူသော မိုးလက်ာအတိုင်း ထိုမိုးကို ဖက်ဆွတ်မိုးဟုလည်းကောင်း၊ သင်္ကြန်မိုးဟုလည်းကောင်း ခေါ်ဝေါ်ကြပါသည်။

ထိုသင်္ကြန်မိုး ရွာသွန်းဖြိုးလိုက်သည့်အခါတိုင်း အရိုး ပြိုင်းပြိုင်းဖြစ်နေသော သစ်ကိုင်းသစ်ခက်များတွင် ရွက်နုရွက်သစ်ကလေးများ ထွက်ပေါ်လာကြသည်။ အသစ်ကူး သည့် ပုရစ်ဖူးလေးများဖြစ်ပါသည်။ တန်ခူးလ နေပူရှိန် ကြောင့် ကျက်နေသည့် မဟာပထဝီမြေကြီးမှာလည်း မြေသင်းရနံ့များ ပျံ့သင်း ကြိုင်လှိုင်နေပါသည်။

ဗေဒင်ဝေါဟာရအားဖြင့် ဤလကို မိဿရာသီဟု ခေါ်ပါသည်။

သင်္ကြန်ဟူသောစကားသည် **"သင်္ကန္တ"** ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ် သည်ဟု ဝေါဟာရဋ္ဌ ပကာသနီကျမ်း (၃၅၉) နှင့် ဝေါဟာရလိနတ္ထဒီပနီကျမ်း (၅၈)တို့၌ ဖွင့်ဆိုကြ၏။

ကမ္ဘာပေါ်ရှိ ယဉ်ကျေးသောလူမျိုးတိုင်း နှစ်ဟောင်းကုန်၍ နှစ်သစ်ဆန်းလာသည်ကို အလေးအမြတ်ထားကြသည်။ မိမိတို့ယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံအလိုက် နှစ်သစ်ကူးပွဲတော်များကျင်းပ၍ နှစ်ဆန်းနှစ်သစ်ကို ကြိုဆိုလေ့ရှိကြသည်။ ဤသည်မှာ ထိန်းသိမ်းအပ်သော မွန်မြတ်သည့် ယဉ်ကျေးမှု အစဉ်အလာတစ်ရပ်ဖြစ်သည်။ မြန်မာလူမျိုးတို့သည် နှစ်ဟောင်းမှနှစ်သစ်သို့ ကူးပြောင်းချိန်တွင် နှစ်သစ်ကူးပွဲတော်ကို ခြိမ့်ခြိမ့်သဲကျင်းပကာ နှစ်သစ်ကို ကြိုဆိုကြမြဲဖြစ်ပေသည်။ ယင်းနှစ်သစ်ကူးပွဲတော်ကို မြန်မာတို့က "သင်္ကြန်ပွဲတော်" ဟု ခေါ်ဝေါ်ကြသည်။

တန်ခူးလ၌ ရင်ခတ်ပန်း၊ ကံ့ကော်ပန်းနှင့်ပိတောက်ပန်းတို့ ပွင့်ကြသည်။

သင်္ကြန်ပွဲတော် ကျင်းပချိန်တွင် မြန်မာလူမျိုးတိုင်း၏ စိတ်နှလုံးသည် ကြည်လင်လန်းဆန်းနေလေ့ရှိကြသည်။ ရေကစားပွဲ၊ အကျွေးအမွေးအလှူပွဲ၊ သင်္ကြန်အကျွေးအမွေးပွဲ၊ သက်ကြီးပူဇော်ပွဲ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲ၊ ရဟန်းခံရှင်ပြုပွဲ စသည်တို့ကိုလည်း ခြိမ့်ခြိမ့်သဲသဲ ဆင်နွှဲလေ့ရှိကြပါသည်။

အလှအက သဘာဝပြိုင်ပွဲများ၊ ယိမ်းသမတို့၏ သင်္ကြန်တေးသံများသည် မြန်မာ့မြေတစ်ခွင်တွင် ဖုံးလွှမ်းလျက်ရှိသည်။ စတုဒိသာကျွေးပွဲများနှင့် မျိုးဆက်သစ်လူငယ်မောင်မယ်များ ပျော်ရွှင်စွာ ရေပက်ကစား နေကြသည့်မြင်ကွင်းမှာ နိုင်ငံအတွင်း တည်ငြိမ်အေးချမ်းသာယာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့၏ အကျိုးရလဒ်ကောင်းတစ်ခုပင်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗထူးတပ်နယ် ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗထူးတပ်မြို့တွင် ကြိုဆိုကြသည့် ဗထူးတပ်နယ်မှူးနှင့် တပ်နယ်မှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၁၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ **နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧပြီ ၁၀ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦးမှ ရှမ်းပြည်နယ် ကလောမြို့နယ် ဟဲဟိုးလေဆိပ်သို့ လေယာဉ်ဖြင့် ရောက်ရှိသည်။**

ကြိုဆို

ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဟဲဟိုးလေဆိပ်တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကလောတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် တိုင်းမှူး လိုက်ပါလျက် ရပ်စောက်မြို့နယ် ဗထူးတပ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် ဗထူးတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့်အဖွဲ့ဝင်များအား ဗထူးတပ်နယ် ရှင်းလင်းဆောင်၌ ဗထူးတပ်နယ်မှူး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တာဝန်ရှိ တပ်မတော်အရာရှိကြီးတို့က ဗထူးတပ်နယ်ရှိ သင်တန်းကျောင်းများနှင့် သင်တန်းကျောင်းအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားပြီး ဗထူးတပ်နယ်ကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကမ္ဘောဒီးယား အမျိုးသမီးလေးတစ်ဦးက ဂုဏ်ပြုပန်းကုံး ပေးအပ်စဉ်။ (သတင်း-၃) (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **အဘိဓမ္မာအဋ္ဌကထာ သဒ္ဒမ္မဇောတိက တောင်တန်း သာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇း၁၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈း၀၀ ၆။ နှောင်းခေတ်တေးပဒေသာ
- ၈း၁၀ ၇။ နတ်သားတောရေလှောင်တမံ
- ၈း၂၀ ၈။ ခါသကြိန်အဆိုအကများ
- ၈း၃၀ ၉။ International News.
- ၈း၄၅ ၁၀။ Happy and Educational. English Summer Course MRTV.
- ၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၃၀ ၃။ ခါသကြိန်အဆိုအကများ
- ၄း၄၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ဓာတုဗေဒအထူးပြု)(ဓာတုဗေဒ)
- ၅း၀၀ ၅။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာအက
- ၅း၁၅ ၆။ ခံစားနားဆင်တေးဓာတ်ဝင်
- ၅း၂၅ ၇။ ခါသကြိန်အဆိုအကများ
- ၅း၄၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၁၅ ၉။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဂုခုန်း" (အပိုင်း-၈၄)**
- ၆း၃၀ ၁၀။ ညနေခင်းသတင်း
- ၇း၀၀ ၁၁။ မိုးလေဝသအခြေအနေ
- ၇း၀၅ ၁၂။ ခါသကြိန်အဆိုအကများ
- ၇း၂၀ ၁၃။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၇း၃၀ ၁၄။ ကြေးမုံရိပ်သွင် တေးနှယဉ်
- ၈း၀၀ ၁၅။ ပြည်တွင်းသတင်း
- ၁၆။ နိုင်ငံတကာသတင်းများ
- ၁၇။ မိုးလေဝသအခြေအနေ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ဟောမာန်ဆောင်း၏ ချစ်သံစဉ်" (အပိုင်း-၈)**
- ၁၉။ နောက်တစ်နေ့အစီအစဉ်
- ၂၀။ အစီအစဉ်ပြီး၏။

ရောင်ခြည်ဦးစာကြည့်တိုက် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၁

ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၃၁)ရပ်ကွက် ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဧပြီ ၅ရက်က ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှိ စာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတိုးမြင့်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်အေးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် ပြန်/ဆက်ဦးစီးမှူးတို့က အမှာစကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးချစ်ဝင်းသို့ စာအုပ်စာစောင်များ ပေးအပ်သည်။(က-ပ)



မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ် (MCF)နှင့် Myanmar Economic & Management Institute (MEMI) တို့၏ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အရ Advanced ICT Professional Training Course - 4 နှင့် Basic ICT Professional Training Course-6 သင်တန်းဆင်းပွဲတို့ကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ MICT Park၌ ကျင်းပရာ ရေးဦးစွာ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်ဥက္ကဋ္ဌ ဦးသိန်းဦး (ဝဲပုံ) နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှုပညာဌာန ပါမောက္ခ ဒေါက်တာဒေါ်နုနုယဉ်တို့က သင်တန်းဆင်းလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။ Advanced ICT Professional Training Course-4 သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၅ဦးနှင့် Basic ICT Professional Training Course-6 သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၃၂ ဦးတို့ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

တပ်မတော်၊ အစိုးရနဲ့ ပြည်သူတို့ဟာ စည်းလုံးညီ
ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ခြင်းတို့ကြောင့် နှောင့်ယှ

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲများ၏ ချီတက်အလေးပြုခြင်းကို ခံယူစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

သတ်မှတ်အရည်အချင်းများနဲ့ ကိုက်ညီခြင်းတို့ကြောင့် တပ်မတော်ရဲ့ ချီးမြှင့်မှုတစ်ရပ်အနေနဲ့ ဗိုလ်လောင်းသင်တန်းကို တက်ရောက်ခွင့်ရခဲ့ကြတယ်။ ယနေ့ဆိုရင်သင်တန်းပြီးဆုံးလို့ ပြန်တမ်းဝင်အရာရှိများအဖြစ် ခန့်အပ်ခြင်းကို ခံယူကြရတော့မှာ ဖြစ်တယ်။

ရဲဘော်တို့ –

တို့တပ်မတော်ဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ ပြည်သူကြားက ပေါက်ဖွားခဲ့တဲ့ မျိုးချစ်တပ်မတော်ဖြစ်တယ်။ တပ်မတော်ဟာ စတင်ဖွဲ့စည်းတည်ထောင်ချိန်ကစပြီး မွန်မြတ်တဲ့အစဉ်အလာ (၁၂)ရပ်ကို လက်ဆင့်ကမ်းအမွေခံပြီး သယ်ဆောင်လာခဲ့တဲ့ တပ်မတော်ဖြစ်တယ်။ မျိုးချစ်စိတ်ဓာတ်ကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် မိမိရဲ့အသက်ကိုပင် စွန့်လွှတ်နိုင်စွမ်းရှိခြင်းဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့ဂုဏ်ရည်ဖြစ်တယ်။ စွန့်လွှတ်နိုင်စွမ်းကြောင့်လဲ ရဲဝံ့စွန့်စားခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားနိုင်ခြင်း၊ ခွဲ၊လုံ့လ၊ဝီရိယရှိခြင်း၊ တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားခြင်း စတဲ့ ဗီဇသတ္တိတွေ ဖြစ်ပေါ်လာခဲ့တယ်။ ထို့အတူပဲ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး လေးရပ်နဲ့ ဆက်လက်တည်ဆောက်လာတာကြောင့်လဲ စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်းနဲ့စွမ်းရည်ရှိခြင်းစတဲ့ အရည်အချင်းတွေနဲ့ ပြည့်ဝတဲ့ တပ်မတော်အဖြစ် တောင့်တင်းခိုင်မာလာခဲ့တယ်။ ဒါကြောင့်လဲ တပ်မတော်ဟာ ပြည်သူတွေရဲ့ ချစ်ခင်လေးစားအားထားမှုကို ရရှိခဲ့တာပဲဖြစ်တယ်။ ရဲဘော်တို့ဟာ တပ်မတော်ရဲ့ မွန်မြတ်တဲ့အစဉ်အလာ (၁၂)ရပ်ကို ဆက်လက်သယ်ပိုးကြရမယ့် ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ပေးအပ်ခြင်းခံကြရမှာဖြစ်တယ်။

ရဲဘော်တို့ –

ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ကြရမယ့်ရဲဘော်တို့ဟာ အခြေခံအားဖြင့် ခေါင်းဆောင်မှု အင်္ဂါရပ် (၁၆)ရပ်နဲ့ မဖြစ်မနေပြည့်စုံဖို့ လိုအပ်တယ်။ ခေါင်းဆောင်ဆိုတာ အဖွဲ့အစည်းတစ်ခုကို ဦးဆောင်ကွပ်ကဲပြီး ရည်မှန်းချက်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရမှာဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်ဟာ မိမိကိုယ်မိမိ သိရမယ်။ အစဉ်သဖြင့် ဖြည့်ဆည်းရမယ်။ ထို့အတူပဲ လက်အောက်ငယ်သားများနဲ့ အမြဲထိတွေ့ပြီး ရှိသင့်ရှိထိုက်တဲ့ အရည်အသွေးနဲ့ပြည့်စုံအောင် လေ့ကျင့်ပေးရမယ်။ ခေါင်းဆောင်မှုမှာ စနစ်ရှိတယ်။ ဥပဒေသရှိတယ်။ လုပ်ငန်းတွေကို ဦးစားပေးအဆင့် သတ်မှတ်နိုင်ရမယ်။ လက်အောက်ကို မှန်ကန်စွာ အာဏာခွဲဝေပေးတတ်သလို သူတို့ရဲ့

အကြံဉာဏ်နဲ့ အတွေ့အကြုံတွေကိုလဲ ရယူရမယ်။ စစ်ရေးသုံးသပ်ပြီး မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချနိုင်စွမ်းရှိရမယ်။ တိကျပြတ်သားတဲ့ အမိန့်ကို ပေးတတ်သလို လက်အောက်ငယ်သားတွေက အသိစိတ်ဓာတ်နဲ့ စွမ်းစွမ်းတမံ ဆောင်ရွက်ကြအောင်လဲ ဆွဲဆောင်နိုင်စွမ်းရှိရမယ်။ စေ့စပ်သေချာစွာ စီမံမှုနဲ့ ကြီးကြပ်ကွပ်ကဲမှုတို့ဟာ ဟန်ချက်ညီရမယ်။ ထို့အတူပဲ မျှော်မှန်းထားနိုင်ခြင်း မရှိတဲ့ အခြေအနေတွေ၊ အကျပ်အတည်း အခက်အခဲတွေနဲ့ ကြုံတွေ့လာရင်လဲ ရင်ဆိုင်ကျော်လွှားနိုင်ရမယ်။

ရဲဘော်တို့ –

ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ စီမံခန့်ခွဲမှုကိုလဲ တတ်ကျွမ်းရမယ်။ စစ်ဘက်လုပ်ငန်းဆိုတာ စီမံချက်နဲ့ဆောင်ရွက်ရတာဖြစ်တယ်။ စီမံခန့်ခွဲမှုကောင်းမှ စီမံချက်တို့၊ စီမံကိန်းတို့ဟာ ရလဒ်ကောင်းတွေကို ဖော်ဆောင်မှာဖြစ်တယ်။ ခေါင်းဆောင်ငယ်များအတွက် စီမံခန့်ခွဲမှုနယ်ပယ်မှာ ရည်မှန်းချက်တာဝန်နဲ့ကိုက်ညီအောင် တပ်ကိုဖွဲ့စည်းခြင်း၊ လိုအပ်ရင် အထူးလက်နက်ပစ္စည်းကိရိယာများ တပ်ဆင်ပေးခြင်း၊ ထိုးထွင်းကြံဆလုပ်ဆောင်တတ်မှုနဲ့ တီထွင်လုပ်ကိုင်ဆောင်ရွက်တတ်မှုရှိခြင်း၊ ကွပ်ကဲမှုနှင့် ကြီးကြပ်မှုကောင်းခြင်း၊ အုပ်ချုပ်မှုဆိုင်ရာများကို အချိန်နဲ့တစ်ပြေးညီ ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်ခြင်းတို့ဟာ အခြေခံအချက်တွေပဲဖြစ်တယ်။ မိမိကွပ်ကဲရတဲ့တပ်ဖွဲ့ ကြီးမားလာမှုနဲ့ တာဝန်ကြီးမားလာမှုတို့ဟာ စီမံခန့်ခွဲမှုကိုလဲ မြင့်မားလာစေတဲ့အပြင် ခေတ်သစ်စစ်ပွဲရဲ့ လျှို့ဝှက်ဆန်းပြားတဲ့ သိပ္ပံပညာရပ်တွေကြောင့်လဲ စီမံခန့်ခွဲမှုနယ်ပယ်ဟာ ကျယ်ပြန့်လာတတ်တဲ့အတွက် စစ်ဘက်စီမံခန့်ခွဲမှုပညာကို ယခုကပင် စတင် လေ့လာသွားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့ –

ခေါင်းဆောင်မှုနဲ့ဆက်စပ်ပြီး စည်းကမ်းပိုင်းကို ပြောကြားလိုတယ်။ တို့လူမျိုးဟာ လူရယ်လို့ဖြစ်လာကတည်းက လူမှုကျင့်ဝတ်တွေနဲ့ ကြီးပြင်းလာတဲ့ လူမျိုး ဖြစ်တယ်။ ကျင့်ဝတ်ဆိုတာ စည်းကမ်းရဲ့ မူလအရင်းအမြစ်ဖြစ်တယ်။ ဒါကြောင့် တို့လူမျိုးတွေဟာ ကိုယ်ကျင့်တရားကောင်းမွန်တဲ့ ခေါင်းဆောင်ကိုမှ ချစ်ကြောက်ရိုသေတတ်တယ်။ ခေါင်ကမိုးမလုံရင် တံစက်မြိတ်လည်း မလုံနိုင်ဆိုတာ တို့လူမျိုးရဲ့ဆိုရိုးဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်ဟာ စည်းကမ်းအရာမှာ စံနမူနာပြဖြစ်ရမယ်။ အထူးသဖြင့် လက်နက်ကိုင်အဖွဲ့အစည်းကို ခေါင်းဆောင်ရမယ့် ရဲဘော်တို့ဟာ စည်းကမ်းကို ပိုပြီးအလေးထားကြဖို့ မှာကြားလိုတယ်။

ထို့အတူပဲ တပ်မတော်သားများအတွက် ပြဋ္ဌာန်းထားတဲ့ အပါး၆ဝသော စစ်သည်တော်ကျင့်ဝတ်များဟာ ရဲဘော်တို့ရဲ့ ကိုယ်ကျင့်သိက္ခာကို မြင့်မားစေမှာဖြစ်တယ်။ ဒီကျင့်ဝတ်တွေကြောင့်ပဲ တပ်မတော်ဆိုတာ တကယ့်ယောကျ်ားမြတ်ဖြစ်စေတဲ့ တရားတွေကို သင်ကြားပေးနေတဲ့ ကျောင်းကြီးလို့ ခိုင်နိုင်းတင်စားသတ်မှတ်ခြင်းခံရတာဖြစ်တယ်။ ဒါကြောင့် တပ်မတော်သားတိုင်းဟာ စစ်သည်တော်ကျင့်ဝတ်ကို မြဲမြံစွာ စောင့်ထိန်းကြရမယ်။

ရဲဘော်တို့ –

တပ်မတော်က နိုင်ငံတော်ကို တာဝန်ယူလိုက်ရတဲ့အချိန်ဟာ နိုင်ငံတော်မှာ အုပ်ချုပ်ရေး ယန္တရားကြီး ရပ်ဆိုင်းသွားပြီး တစ်နိုင်ငံလုံးမှာ စည်းမဲ့ကမ်းမဲ့ဖြစ်နေတဲ့ကာလဖြစ်တယ်။ ပြည်တွင်းပြည်ပ ပယောဂတွေကြောင့် အုပ်စုဖွဲ့အနိုင်ကျင့်ကာ ဒီမိုကရေစီလို့ အော်ဟစ်ပြီး မင်းမဲ့စရိုက်ကို ကျင့်သုံးနေတဲ့အချိန်ဖြစ်တယ်။

မင်းမဲ့စရိုက်ရဲ့ဒဏ်ကို ထိတ်လန့်ဖွယ်ရာ ခံစားခဲ့ကြရတဲ့ တို့တစ်တွေဟာ ပြည်သူလူထု လိုလားတောင့်တတဲ့ ဒီမိုကရေစီ အနှစ်သာရလဲရှိ၊ မင်းမဲ့စရိုက်ရဲ့ အန္တရာယ်နဲ့လဲကင်းဝေးတဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ပြောင်းလဲကျင့်သုံးကြဖို့ ကြီးမားတဲ့သင်ခန်းစာကို ရခဲ့ကြတယ်။ ပြည်သူတွေလိုလားတဲ့ ဒီမိုကရေစီစနစ်ကိုဖော်ဆောင်နိုင်ဖို့အတွက် တပ်မတော်ဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ဦးစွာပထမ ဆောင်ရွက်ခဲ့ရတယ်။

ထို့အတူပဲ နိုင်ငံတော်ရဲ့သမိုင်းကြော
ပြည်ထောင်စု ပြိုကွဲမယ့်အန္တရာယ်၊ တိုင်းရင်းသ
အန္တရာယ်နဲ့ အချုပ်အခြာအာဏာဆုံးရှုံးရမယ့
အစဉ်အမြဲ ခြိမ်းခြောက်ခဲ့ကြောင်း တွေ့
ကြုံတွေ့ရတိုင်း ပြည်သူနဲ့တပ်မတော် လက်တွဲ
ရှောက်ခဲ့ရတာဖြစ်တယ်။ ဒါကြောင့် ပြည်ထေ
စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအ
ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဝါဒအဖြ
ကြရတယ်။

ရဲဘော်တို့ –

နိုင်ငံတော်မှာ စည်းကမ်းပြည့်ဝတဲ့ ဒီမို
အတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆို
ပြုပြင်ပြောင်းလဲမှုကြီးတွေကို ပြုလုပ်ရမှာဖြစ်
အစိုးရဟာ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊
လူမှုရေးဦးတည်ချက်(၄)ရပ် စတဲ့ ဦးတည်ချ
အဖြစ် ချမှတ်ကာ **အေးချမ်းသာယာပြီး ခေတ်မီ**
တည်ဆောက်ရေးကို ရည်မှန်းဆောင်ရွက်ခဲ့

ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံရေးအမြင်၊
အမြင်နဲ့ ကာကွယ်ရေးအမြင်စတဲ့ အမြင်လေး
ချမှတ် ဆောင်ရွက်ခဲ့တာဖြစ်တယ်။

နိုင်ငံရေးအမြင်အရ နိုင်ငံတော်တည်ငြိ
ရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အမျိုးသာ
ကို အဓိကဦးစားပေးဆောင်ရွက်ခဲ့တာကြောင့်
ဆန့်ကျင်ခဲ့ကြတဲ့ အဖွဲ့အစည်း၁၇ဖွဲ့ဟာ ဥပဒေ
တယ်။ တပ်မတော်အစိုးရနဲ့ လက်တွဲပြီး နယ်
ခဲ့ကြတယ်။

အစိုးရအနေနဲ့လဲ နယ်စပ်ဒေသနှင့် တို
တိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟို
အကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး အ
ခဲ့တယ်။ ယနေ့အထိ နိုင်ငံတော်က ကျပ်သန်း
ကျော် မတည်စိုက်ထုတ်ပြီး ဆောင်ရွက်ပေး
တပ်မတော်နဲ့လက်တွဲပြီး ဥပဒေဘောင်အတွ
နယ်စပ်ဒေသများနဲ့ တိုင်းရင်းသားလူမျိုးများ
ညချင်း ဖော်ဆောင်နိုင်ခဲ့တယ်။

ရဲဘော်တို့ –

တပ်မတော်ကနိုင်ငံတော်ရဲ့တာဝန်ကို
အချိန်မှာ နိုင်ငံတော်ဟာ ခေတ်နောက်ကျနေ
နေတဲ့ အချိန်ဖြစ်တယ်။ ဒါကြောင့် တပ်မ
အေးချမ်းရေးကို တစ်ဖက်ကဆောင်ရွက်ရင်
ပထမလေးနှစ် စီမံကိန်းနဲ့ နောက်ပိုင်းငါး

ထို့အတူပဲ တို့နိုင်ငံရဲ့ ၇၀ရာခိုင်နှုန်း
ကျေးလက်ဒေသတွေမှာလည်း ဖွံ့ဖြိုးမှုကွက်လ
ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်
တို့နိုင်ငံတစ်ဝန်းလုံးမှာ ဒေသတစ်ခုနဲ့တစ်ခု
တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင်

ရဲဘော်တို့ –

ယနေ့ဆိုရင် တို့နိုင်ငံရဲ့ လူဦးရေဟာ
နောင်နှစ်ပေါင်း ၃၀ ဆိုရင် လူဦးရေဟာ
ဖြစ်တယ်။

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့ တာဝန်ကို စတင်ယူလိုက်ရပြီ ဆိုကတည်းက ပြည်သူတစ်ရပ်လုံးရဲ့ စား၊ ဝတ်၊ နေမှု ဖူလုံရေးကို အားသွန်ခွန်စိုက် ဆောင်ရွက်သွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်ကို ချမှတ်ခဲ့တယ်။ ယနေ့ဆိုရင် လူဦးရေ ၅၄ သန်းအတွက် ဆန်စပါးဟာ ဖူလုံတဲ့အပြင် ပိုလျှံနေပြီဖြစ်တယ်။ နောင်နှစ်ပေါင်း ၃၀မှာ ဖြစ်ပေါ်လာမယ့် တို့ရဲ့ သားစဉ်မြေးဆက်ဖြစ်တဲ့ လူဦးရေသန်းတစ်ရာကျော်အတွက်ပင်လျှင် ရည်မှန်းပြီး နှစ် ၃၀ စီးပွားရေးစီမံကိန်းကို ရေးဆွဲချမှတ် အကောင်အထည်ဖော်လျက် ရှိတာဖြစ်တယ်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်း
အမှတ်စဉ် (၁၀၈) သင်တန်းဆင်း ဂုဏ်
တက်ရောက်ကြသူများအား တွေ့ရစဉ်။

ာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း
ကြောင့် နှောင့်ယှက်၊ ပိတ်ဆို့ ကန့်သတ်မှုပေါင်းစုံကြားက အောင်မြင်မှုတွေရရှိခဲ့

ထို့အတူပဲ နိုင်ငံတော်ရဲ့သမိုင်းကြောင်းကို ပြန်လည်သုံးသပ်တဲ့အခါ ပြည်ထောင်စု ပြိုကွဲမယ့်အန္တရာယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲမယ့် အန္တရာယ်နဲ့ အချုပ်အခြာအာဏာဆုံးရှုံးရမယ့် အန္တရာယ်တွေဟာ တို့နိုင်ငံကို အစဉ်အမြဲ ခြိမ်းခြောက်ခဲ့ကြောင်း တွေ့ရတယ်။ ဒီအန္တရာယ်တွေနဲ့ ကြုံတွေ့ရတိုင်း ပြည်သူနဲ့တပ်မတော် လက်တွဲပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့ရတာဖြစ်တယ်။ ဒါကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို နိုင်ငံတော်ဝါဒအဖြစ် သတ်မှတ်ပြီး ဦးထိပ်ပန်ဆင်ခဲ့ကြရတယ်။

ရဲဘော်တို့ –

နိုင်ငံတော်မှာ စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေးနဲ့ လူမှုရေးဆိုတဲ့ ကဏ္ဍတိုင်းမှာ အရေးပါတဲ့ ပြုပြင်ပြောင်းလဲမှုကြီးတွေကို ပြုလုပ်ရမှာဖြစ်တယ်။ ဒါကြောင့် တပ်မတော်အစိုးရဟာ နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်နဲ့ လူမှုရေးဦးတည်ချက်(၄)ရပ် စတဲ့ ဦးတည်ချက်(၁၂)ရပ်ကို လုပ်ငန်းလမ်းစဉ်အဖြစ် ချမှတ်ကာ **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်** တည်ဆောက်ရေးကို ရည်မှန်းဆောင်ရွက်ခဲ့တယ်။

ဒီလိုဆောင်ရွက်ရာမှာ နိုင်ငံရေးအမြင်၊ စီးပွားရေးအမြင်၊ အုပ်ချုပ်ရေးအမြင်နဲ့ ကာကွယ်ရေးအမြင်စတဲ့ အမြင်လေးမြင်နဲ့ စီမံကိန်းတွေကို စနစ်တကျ ချမှတ် ဆောင်ရွက်ခဲ့တာဖြစ်တယ်။

နိုင်ငံရေးအမြင်အရ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို အဓိကဦးစားပေးဆောင်ရွက်ခဲ့တာကြောင့် နှစ်ပေါင်း၄၀ ကျော်လက်နက်ကိုင်ဆန့်ကျင်ခဲ့ကြတဲ့ အဖွဲ့အစည်း၁၇ဖွဲ့ဟာ ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြတယ်။ တပ်မတော်အစိုးရနဲ့ လက်တွဲပြီး နယ်မြေဒေသဖွံ့ဖြိုးရေးကို ဆောင်ရွက်ခဲ့ကြတယ်။

အစိုးရအနေနဲ့လဲ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တယ်။ ယနေ့အထိ နိုင်ငံတော်က ကျပ်သန်းပေါင်း ခြောက်သောင်းငါးထောင်ကျော် မတည်စိုက်ထုတ်ပြီး ဆောင်ရွက်ပေးတဲ့နည်းတူ နယ်မြေခံလူထုကလဲ တပ်မတော်နဲ့လက်တွဲပြီး ဥပဒေဘောင်အတွင်းက ကြိုးပမ်းခဲ့ကြတဲ့အတွက် နယ်စပ်ဒေသများနဲ့ တိုင်းရင်းသားလူမျိုးများရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နေ့ချင်းညချင်း ဖော်ဆောင်နိုင်ခဲ့တယ်။

ရဲဘော်တို့ –

တပ်မတော်ကနိုင်ငံတော်ရဲ့တာဝန်ကို မလွှဲမရှောင်သာ ယူလိုက်ရတဲ့ အချိန်မှာ နိုင်ငံတော်ဟာ ခေတ်နောက်ကျနေတဲ့အပြင် စီးပွားရေးအရ ပြိုလဲနေတဲ့ အချိန်ဖြစ်တယ်။ ဒါကြောင့် တပ်မတော်ဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို တစ်ဖက်ကဆောင်ရွက်ရင်း နိုင်ငံတော်ရဲ့ စီးပွားရေးကို ပထမလေးနှစ် စီမံကိန်းနဲ့ နောက်ပိုင်းငါးနှစ်စီမံကိန်းတွေ ရေးဆွဲချမှတ်ဆောင်ရွက်ခဲ့ရာမှာ ယခုဆိုရင် တတိယကာလတို ငါးနှစ်စီမံကိန်းရဲ့ နောက်ဆုံးနှစ်ကို ရောက်ခဲ့ပြီဖြစ်တယ်။ စီးပွားရေးတိုးတက်မှုဟာ လျာထားချက်ထက် ကျော်လွန်အောင်မြင်လျက်ရှိတယ်။ တပ်မတော်၊ အစိုးရနဲ့ပြည်သူတို့ဟာ စည်းလုံးညီညွတ်မှုစွမ်းအားနဲ့ နိုင်ငံတော်ကို ဝိုင်းဝန်းတည်ဆောက်ခြင်း၊ ဝိုင်းဝန်းကာကွယ် စောင့်ရှောက်ခြင်းတို့ကြောင့် နှောင့်ယှက်၊ ပိတ်ဆို့၊ ကန့်သတ်မှုပေါင်းစုံကြားကပင်လျှင် အောင်မြင်မှုတွေကို ရရှိခဲ့တာဖြစ်တယ်။

ရဲဘော်တို့ –

ခေတ်နောက်ကျနေတဲ့နိုင်ငံမှာ အရည်အချင်းမြင့်မားတဲ့ လူသားစွမ်းရည် ရရှိရေးဟာ အရိုန်အဟုန်နဲ့ ဆောင်ရွက်ရမယ့် လုပ်ငန်းဖြစ်တယ်။ ဒါကြောင့် နိုင်ငံတစ်ဝန်းလုံးမှာ အထူးဖွံ့ဖြိုးရေးဒေသ ၂၄ခုကို ကွန်ရက်ပမာ သတ်မှတ်ပြီး ဒေသစီးပွားတိုးတက်ရေး၊ ကျန်းမာကြံ့ခိုင်ရေးနဲ့ ပညာရည်မြင့်မားရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးခဲ့တယ်။ တိုင်းရင်းသားချင်း ကူးလူးချစ်ကြည်ရင်းနှီးရေးအတွက် လမ်းနဲ့ တံတားတွေကို လိုအပ်တဲ့နေရာတိုင်းမှာ ဆောက်လုပ်ပေးခဲ့တယ်။ ရန်ကုန်–စစ်တွေပြည်ထောင်စု လမ်းမကြီးနဲ့ သံလွင်တံတား(မော်လမြိုင်)စတဲ့ မြစ်ကူးတံတားကြီးတွေဟာ အိပ်မက်တွေကို အကောင်အထည်ဖော်ပေးနိုင်ခြင်း ဖြစ်တယ်။

ထို့အတူပဲ တို့နိုင်ငံရဲ့ ၇၀ရာခိုင်နှုန်းသော နိုင်ငံသားတို့ နေထိုင်ရာ ကျေးလက်ဒေသတွေမှာလည်း ဖွံ့ဖြိုးမှုကွက်လပ်မကျန်စေရအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိတယ်။ ဒါဟာ တို့နိုင်ငံတစ်ဝန်းလုံးမှာ ဒေသတစ်ခုနဲ့တစ်ခု ကွာဟမှုအနည်းဆုံးနဲ့ တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေခြင်းဖြစ်တယ်။

ရဲဘော်တို့ –

ယနေ့ဆိုရင် တို့နိုင်ငံရဲ့ လူဦးရေဟာ ၅၄သန်းကျော်ရှိပြီဖြစ်တယ်။ နောင်နှစ်ပေါင်း ၃၀ ဆိုရင် လူဦးရေဟာ သန်းပေါင်းတစ်ရာကျော်သွားမှာ ဖြစ်တယ်။

တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားသို့ တက်ရောက်ကြသူများအား တွေ့ရစဉ်။ (ဝဲပုံနှင့် ယာပုံ)

(သတင်းစဉ်)

ဗိုလ်လောင်းတပ်ခွဲစစ်ဆေး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် ဗိုလ်လောင်းတပ်ခွဲကို စစ်ဆေးစဉ်။

(သတင်းစဉ်)

တပ်မတော်အစိုးရဟာ နိုင်ငံတော်ရဲ့ တာဝန်ကို စတင်ယူလိုက်ရပြီဆိုကတည်းက ပြည်သူတစ်ရပ်လုံးရဲ့ စား၊ ဝတ်၊ နေမှု ဖူလုံရေးကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားမယ်ဆိုတဲ့ သန္နိဋ္ဌာန်စိတ်ကို ချမှတ်ခဲ့တယ်။ ဒါကြောင့် စိုက်ပျိုးမြေဧကတိုးချဲ့ရေး၊ စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးစွမ်းအားမြင့်မားရေး၊ မျိုးကောင်းမျိုးသန့် ရရှိရေးနဲ့ ပန်းတိုင်အထွက်နှုန်းရရှိရေးတို့အတွက် အားတက်သရောဆောင်ရွက်ခဲ့တယ်။ ဒ့ါအပြင် မိရိုးဖလာစိုက်ပျိုးရေးစနစ်ကနေ စက်မှုလယ်ယာစနစ်ကို ကူးပြောင်းဖို့ ကြိုးပမ်းခဲ့တယ်။ ယနေ့ဆိုရင် လူဦးရေ ၅၄ သန်းအတွက် ဆန်စပါး ဟာ ဖူလုံတဲ့အပြင် ပိုလျှံနေပြီဖြစ်တယ်။ နောင်နှစ်ပေါင်း ၃၀မှာ ဖြစ်ပေါ်လာမယ့် တို့ရဲ့သားစဉ်မြေးဆက်ဖြစ်တဲ့ လူဦးရေသန်းတစ်ရာကျော်အတွက်ပင်လျှင် ရည်မှန်းပြီး နှစ်၃၀စီးပွားရေးစီမံကိန်းကို ရေးဆွဲချမှတ်အကောင်အထည်ဖော်လျက်ရှိတာဖြစ်တယ်။ ထို့အတူပဲ တိုင်းရင်းသားတွေအပေါ် စေတနာအပြည့်အဝထားပြီး ဒေသအလိုက် ဆန်စပါးဖူလုံရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။

ရဲဘော်တို့ –

တို့နိုင်ငံရဲ့ လယ်ယာကဏ္ဍမှာ ဖူလုံလာပြီးတဲ့နောက် ချမ်းသာကြွယ်ဝတဲ့ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်အောင် စက်မှုနိုင်ငံအဖြစ်ကို တက်လှမ်းရမှာဖြစ်တယ်။ စက်မှုနိုင်ငံတည်ထောင်ရေးအတွက် လိုအပ်ချက်ကြီးမားတဲ့ ရေနံစွမ်းအင်နဲ့ လျှပ်စစ်စွမ်းအား အလုံအလောက်ထုတ်လုပ်ရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်။ သဘာဝဓာတ်ငွေ့အနေနဲ့ အလုံအလောက်ရရှိနေပြီဖြစ်ပေမယ့် ရေနံရရှိရေးအတွက် ရှာဖွေနေဆဲဖြစ်တယ်။ လျှပ်စစ်စွမ်းအားအတွက်ကတော့ ပြည်သူသုံးအပြင် စက်မှုသုံးအတွက်ပါ လုံလောက်အောင် ရေအားလျှပ်စစ်စီမံကိန်းကြီးတွေကို တစ်ခုပြီးတစ်ခု တည်ဆောက်လျက်ရှိတယ်။ လျှပ်စစ်စွမ်းအားနဲ့ ဓနအင်အားဟာ အပြန်အလှန် အထောက်အကူပြုသွားမှာမို့ တစ်ဆင့်ပြီးတစ်ဆင့် စက်မှုနိုင်ငံဖြစ်လာအောင် ဆောင်ရွက်သွားမှာဖြစ်တယ်။

ရဲဘော်တို့ –

စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ပေါ်ပေါက်ရေးအတွက် အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းလာနိုင်တာနဲ့အမျှ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို မူလပိုင်ရှင်ဖြစ်တဲ့ ပြည်သူလူထုထံ အေးအေးချမ်းချမ်းနဲ့ မှန်မှန်ကန်ကန် ပြန်လည်အပ်နှံနိုင်ဖို့ နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတယ်။ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို အောင်မြင်စွာကျင်းပလျက်ရှိတယ်။ ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးအတွက် အသေးစိတ်အခြေခံရမယ့်မူတွေကို ချမှတ်နေကြတဲ့ အမျိုးသားညီလာခံကြီးမှာ နိုင်ငံတော်အတွင်း မြို့နယ်တိုင်းက ကိုယ်စားလှယ်အားလုံး၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်အားလုံးတို့ပါဝင်ကြပြီး မိမိတို့ရဲ့ အကြံကောင်း ဉာဏ်ကောင်းတွေနဲ့ လွတ်လပ်ပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင် ဆွေးနွေးလျက်ရှိကြတယ်။

ရဲဘော်တို့ –

ယခုလို တပ်မတော်၊ အစိုးရနဲ့ ပြည်သူတို့ဟာ လက်တွဲညီညီနဲ့ အေးချမ်း သာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်သစ်ကို တည်ဆောက်နေတဲ့အချိန်မှာ ပြည်တွင်းပြည်ပက အဆိုးမြင် အဖျက်အမှောင့်သမားတွေဟာ အမျိုးသားနိုင်ငံရေးဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်အောင်၊ အမျိုးသားညီလာခံကြီးကိုပျက်ပြားအောင်၊နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ပြည်သူအပေါင်း စိတ်အေးချမ်းမြေ့စွာ အသက်မွေးဝမ်းကျောင်းနိုင်မှုကို ထိခိုက်အောင် ကောလာဟလအမျိုးမျိုး၊ အဖျက်အမှောင့်လုပ်ငန်းအမျိုးမျိုးနဲ့ ထိုးနှက်လျက်ရှိတယ်။ ဒါကြောင့် ကောလာဟလတွေကို နားယောင်ခြင်းမရှိကြဘဲ ရဲဘော်တို့ဟာ စစ်ရေးသတိကြီးစွာနဲ့ အဖျက်ရန်မှန်သမျှကို ပြည်သူနဲ့လက်တွဲပြီး တွန်းလှန်ချေမှုန်းသွားကြဖို့ မှာကြားလိုတယ်။

ရဲဘော်တို့ –

နိဂုံးချုပ်အနေနဲ့ ပြောကြားရရင် **တပ်မတော်(ကြည်း)တွင် စွမ်းရည်ပြည့်ဝသောအရာရှိများ ဖြစ်ပေါ်လာစေရန်နဲ့ ခြေလျင်တပ်စုတစ်စုအား ပိုင်နိုင်စွာ ဦးစီးကွပ်ကဲ၍ စစ်မြေပြင်တွင်တိုက်ပွဲဝင်နိုင်ရန်**ဆိုတဲ့ သင်တန်းရဲ့ရည်ရွယ်ချက်အတိုင်း နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ သားကောင်းရတနာများ ဖြစ်အောင် ကြိုးစားကြဖို့မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် ဂုဏ်ပြုညစာ စားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဧပြီ ၁၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ဧပြီ ၈ရက် ည ၇နာရီတွင် ဖနောင်ပင်မြို့ရှိ Hotel Inter-Continental ရှိ ဧည့်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အတူ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများတက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံအမတ်ကြီး၊ အဆင့်မြင့်အရာရှိကြီးများနှင့် ကမ္ဘောဒီးယားနိုင်ငံ ဆိုင်ရာ အာဆီယံနိုင်ငံများမှ သံအမတ်ကြီးများ တက်ရောက်ကြသည်။

ဆုတောင်းစကား

ဂုဏ်ပြုညစာစားပွဲတွင် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် နှုတ်ခွန်းဆက်ဆုတောင်း စကားပြောကြားကြသည်။

ဂုဏ်ပြုညစာ သုံးဆောင်နေစဉ်အတွင်း ကမ္ဘောဒီးယား ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များက တေးသံသာများဖြင့်လည်းကောင်း၊ ရိုးရာအကများဖြင့် လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

ဧည့်ခံဖျော်ဖြေပွဲအပြီးတွင် နှစ်နိုင်ငံ ဝန်ကြီးချုပ်များသည် ကမ္ဘောဒီးယားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင် သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ခေတ္တတည်းခိုသည့် ဖနောင်ပင်မြို့ရှိ Hotel Inter-Continental ၌ ရပ်နားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ်ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ဖနောင်ပင်မြို့ Hotel Inter-Continental ခန်းမ၌ ဂုဏ်ပြုညစာဖြင့်တည်ခင်းဧည့်ခံစဉ်။
(သတင်းစဉ်)

နှုတ်ခွန်းဆက်ဆုတောင်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဂုဏ်ပြုညစာစားပွဲတွင် နှုတ်ခွန်းဆက်ဆုတောင်းကြစဉ်။ (သတင်းစဉ်)

အဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲဆက်

ရန်ကုန် ဧပြီ ၁၁

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၄-၂၀၀၅ ခုနှစ် ဘောလုံးရာသီအဆင့်မြင့်တန်း အမှတ်ပေးဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ရှိ သတ်မှတ်ထားသည့် ဘောလုံးကွင်းများ၌ ဆက်လက်ကျင်းပ သည်။

ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း၌ ကျင်းပသောပြိုင်ပွဲတွင် သစ်တောရေးရာအသင်းနှင့် တံခွန်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ နှစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားကွင်း၌ ကျင်းပသောပြိုင်ပွဲ တွင် ပို့ဆောင်ရေးအသင်းနှင့် စွမ်းအင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပို့ဆောင်ရေး အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

(သတင်းစဉ်)

သစ္စာလေးပါး တရားဟောကြားမည်

ရန်ကုန် ဧပြီ ၁၁

ဧရာဝတီတိုင်း ကျုံမငေးမြို့ စိတ္တသုခ ဓမ္မရက္ခိတကျောင်း မိုးကုတ်ဝိပဿနာ အဖွဲ့ခွဲ (၁၁၁)တွင် ဧပြီ ၁၃ ရက်မှ ၁၉ရက်အထိ မြောက်ဥက္ကလာပ ပုပ္ပား (၃)ကျောင်းမှ မိုးကုတ်နယ်လှည့် ဓမ္မကထိက ရှေဦးဆရာတော် အရှင်နန္ဒာသီရိ (ဓမ္မာစရိယ) အရှင်သူမြတ်သည် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ခန္ဓာပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော် ဟောကြားမည် ဖြစ်သည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၀၅ (အင်္ဂါနေ့)

၇:၀၀	အဖွင့် ယနေ့အစီအစဉ်
၇:၀၅	တေးဂီတအစီအစဉ်
၇:၁၀	ငယ်စဉ်အခါ ပညာရှာ
၇:၃၅	ပြည်တွင်းသတင်း
၇:၄၀	ခါသကြိန်အဆိုအက
၇:၄၅	ဆေးလိပ်အန္တရာယ်
၇:၅၅	နိုင်ငံတကာသတင်း
၈:၀၀	ဝါသနာရှင်စင်မြင့်(သကြိန်အထူး)
၈:၃၅	ခါသကြိန်အဆိုအက
၈:၄၀	ရေတာရှည်မြို့နယ် ကျွန်းအထူးစိုက်ခင်း
၈:၅၀	ပြည်တွင်းသတင်း
၈:၅၅	ခါသကြိန်အဆိုအက
၉:၀၀	ရုပ်ရှင်အကယ်ဒမီအကြောင်း သိကောင်းစရာ
၁၀:၀၀	ခါသကြိန်အဆိုအက
၁၀:၀၅	နိုင်ငံတကာသတင်း
၁၀:၁၀	တိုးတက်ဖွံ့ဖြိုးရာစီဝလောင်စာ
၁၀:၂၀	ခါသကြိန်အဆိုအက
၁၀:၂၅	မိုးလေဝသခန့်မှန်းချက်
၁၀:၃၀	လွယ်ကူသက်သာမြန်မာ့ဟင်းလျာ
၁၀:၄၅	ခါသကြိန်အဆိုအက
၁၀:၅၀	ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးတံတား
၁၁:၀၀	အပိတ်

အထက်ပါ (၄) နာရီစာ အစီအစဉ်များကို ည(၂၃:၀၀)နာရီ အထိ(၄) ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ကွယ်လွန်သူ ဦးကြည်ညွန့်(ချစ်ကြည်ရေးကြည်ညွန့်) စာတည်းမှူးချုပ် (ငြိမ်း) မြန်မာ့အလင်းသတင်းစာတိုက်အားရည်စူး၍ ဇနီး ဒေါ်ခင်ခင်နှ၊ သား၊ သမီး၊ မြေးတစ်စုတို့က ဓီဝိတဒါန သံဃာ့ဆေးရုံကြီး ထာဝရဆေးပဒေသာ ပင်၊ ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဦးဝင်းထိန် လက်ခံယူစဉ်။ (က-ပ)



❀ **ကျောဖုံးမှ**

အတွင်းရေးမှူး(၁)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဗိုလ်မှူးချုပ်သိန်းဇော်၊ ဗိုလ်မှူးချုပ်လွန်းသီ၊ ဦးသောင်းနှင့် ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ်ဆန်းဆင့်၊ စစ်ဥပဒေချုပ် ဗိုလ်ချုပ်စိုးမောင်၊ တပ်မတော် စစ်ဆေးရေးအရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများဖြစ်ကြသည့် ဗိုလ်ချုပ်မြဝင်း၊ ဗိုလ်ချုပ်တင်စိုး၊ ဗိုလ်ချုပ်ခင်အောင်မြင့်၊ ဗိုလ်ချုပ်တင်ထွန်း၊ ဗိုလ်ချုပ်သန်းဌေး၊ ဗိုလ်ချုပ်စိန်လင်းနှင့် ဗိုလ်ချုပ်အေးမြင့်၊ ဗထူးတပ်နယ်မှူးနှင့် တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်ဇော်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက ဗိုလ်လောင်းတပ်ခွဲအား စစ်ဆေးပြီးနောက် ဗိုလ်လောင်းတပ်ခွဲများ၏ အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုခြင်းကို ခံယူသည်။

ငွေဓားဆုချီးမြှင့်

ဆက်လက်၍ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈)မှ အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်းအမှတ်(၃) ဗိုလ်လောင်းအောင်ကျော်မြင့်အား ငွေဓားဆုချီးမြှင့်သည်။

မိန့်ခွန်းပြောကြား

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက သင်တန်းဆင်းဗိုလ်လောင်းများအား မိန့်ခွန်းပြောကြားသည်။

(ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ မိန့်ခွန်းအပြည့်အစုံကို ရှေ့ဖုံးတွင် ဖော်ပြထားပါသည်။)

ယင်းနောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်ခေါင်းဆောင်သောအဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးများကောင်စီရုံး၌ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံသည် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နေ နှစ်စဉ် ၈ဒသမ ၅ရာခိုင်နှုန်းကျော်ကျော် စီးပွားရေးတိုးတက်လျက်ရှိ

❒ **နိုင်ငံတော်မှ**

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် ဝန်ကြီးများကောင်စီရုံးရှိ ဧည့်ခန်းမ၌ တွေ့ဆုံနှုတ်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် ကမ္ဘောဒီးယားနိုင်ငံ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ညနေ ၄နာရီ ၁၅မိနစ်တွင် ဝန်ကြီးများကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံအမတ်ကြီး ဒေါက်တာအောင်နိုင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Hor Namhong၊ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Cham Prasiddh၊ ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ် Mr. Prak Sokhon၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး Mr. Hul Phany နှင့် အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိတွေ့ဆက်ဆံခဲ့

ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက မြန်မာနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ရှေးယခင်နှစ်များစွာကတည်းက နှစ်နိုင်ငံပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ ရှိခဲ့ပါကြောင်း၊ နှစ်နိုင်ငံသည် ၁၉၅၅ခုနှစ်တွင် သံတမန်ဆက်ဆံရေးများ ထူထောင်ခဲ့ကြောင်း၊ လွန်ခဲ့သည့်နှစ်များစွာကတည်းက ခေါင်းဆောင်များအချင်းချင်း အဆင့်မြင့် အပြန်အလှန်ခရီးစဉ်များနှင့် အမြင်ချင်းဖလှယ်မှုများ ရှိခဲ့ပါကြောင်း၊ ယင်းခရီးစဉ်များအတွင်း နှစ်နိုင်ငံအကြားတွင် သဘောတူစာချုပ်များ၊ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါကြောင်း။

ဧရာဝတီ-ကျောက်ဖယား-မဲခေါင်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(အက်မက်)သို့ ဗီယက်နမ်နိုင်ငံ ပါဝင်လာသည့်အတွက် ဒေသခွဲ စီးပွားတိုးတက်ဖွံ့ဖြိုးရေးအတွက် ပိုမိုဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံသည် ခရီးသွားကဏ္ဍတွင် အောင်မြင်မှုများ ရရှိလျက်ရှိကြောင်း သိရှိရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း။

ဒီမိုကရေစီပန်းတိုင်

မြန်မာနိုင်ငံ၏ လက်ရှိနိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများကို အသိပေးပြောကြားလိုပါကြောင်း၊ လက်ရှိကျင်းပနေသည့် အမျိုးသားညီလာခံတွင် အလွန်လေးနက်သိမ်မွေ့သည့် ကိစ္စရပ်များကို ဆွေးနွေးလျက်ရှိပါကြောင်း၊ အမျိုးသားညီလာခံ၏ ကျင်းပပြီးခဲ့သည့် ပထမပိုင်းအစည်းအဝေးတွင် ဗဟိုအစိုးရနှင့် ပြည်နယ်၊ တိုင်းဒေသကြီးများအကြား အာဏာခွဲဝေမှုအပိုင်းကို အဓိကထား ဆွေးနွေးခဲ့ကြပါကြောင်း၊ ဖေဖော်ဝါရီ ၁၇ရက်တွင် စတင်ခဲ့သည့် အမျိုးသားညီလာခံ ဒုတိယအကြိမ် အစည်းအဝေးမှ ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းမှုအပိုင်းများတွင် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများသည် မိမိတို့ပန်းတိုင်ကို ကိုယ်တိုင်ရွေးချယ်ပြီး မရောက်ရောက်အောင် သန္နိဋ္ဌာန်ချမှတ်ကာ ချီတက်လျက်ရှိပါကြောင်း၊ ပြင်ပမှ စွပ်စွဲမှုများနှင့် ဟန့်တားနှောင့်ယှက်မှုများမရှိလျှင် ဒီမိုကရေစီပန်းတိုင်သို့ မြန်မြန်ရောက်ရှိမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ဗဟိုကချုပ်ကိုင်သည့် စီးပွားရေးစနစ်မှ ဈေးကွက်ကိုအခြေခံသည့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ နှစ်စဉ် ၈ ဒသမ ၅ ရာခိုင်နှုန်းကျော်ကျော် စီးပွားရေးတိုးတက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီးအတွင်းတွင် အသင်းကြီး၏ ရည်မှန်းချက်များ အောင်မြင်စေရန် တက်ကြွစွာပါဝင်လှုပ်ရှားလျက်ရှိပါကြောင်း။

ယခု မိမိတို့ ဆွေးနွေးချက်များသည် နှစ်နိုင်ငံချစ်ခင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ပိုမိုခိုင်မြဲရေးကို အထောက်အကူပြုလိမ့်မည်ဖြစ်ပါကြောင်း၊ ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ရန်အတွက် နီးနီးကပ်ကပ် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြမည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။

ကမ္ဘောဒီးယားစီးပွားရေး

ထို့နောက် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေကို ရှင်းပြ၍ ကျေးဇူးတင်ရှိပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့်လည်း ၁၉၉၉ခုနှစ်မှ ၂၀၀၃ခုနှစ်အတွင်း စီးပွားရေးတိုးတက်မှုနှုန်း ၆ဒသမ ၈ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း။

၂၀၀၄ခုနှစ်တွင် နိုင်ငံရေးတည်ငြိမ်မှု ရရှိလာသကဲ့သို့ စီးပွားရေး တိုးတက်မှုနှုန်းမှာလည်း လျာထားချက် ၅ဒသမ ၇ရာခိုင်နှုန်းကို ကျော်လွန်၍ ၆ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ကြောင်း။

၂၀၀၂ခုနှစ်တွင် မိုးခေါင်ရေရှားမှု ကြုံတွေ့ခဲ့ရသော်လည်း အစိုးရနှင့်ပြည်သူများ၏ ကြိုးပမ်းမှုကြောင့် ယခုနှစ်တွင် ဆန်တန်ချိန်ငါးသိန်း ပိုလျှံလာပြီဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံရေးမူဝါဒလမ်းစဉ်(၇)ရပ်နှင့် အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနေသည်ကို ကြိုဆိုပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ အစဉ်အမြဲ ရပ်တည်လျက်ရှိကြောင်း၊ မိမိတို့လည်း အလားတူ ရင်ဆိုင်ခဲ့ရကြောင်း၊ ထို့ကြောင့် မတ်လ ၂၆ရက်နေ့က ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ ခိုင်ခိုင်မာမာ ရပ်တည်လျက် ထောက်ခံပြောကြားခဲ့ခြင်းဖြစ်ကြောင်း။

မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးတွင် ဖွဲ့စည်းပြီးဖြစ်သော နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်ကို အခြေခံလျက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMEC)အဖွဲ့၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် လေးနိုင်ငံအဖွဲ့နှင့် အာဆီယံအဖွဲ့ကြီးတို့သည် ယန္တရားလေးရပ်သဖွယ် နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အရေးပါလျက်ရှိပါကြောင်း။

တက်ကြွစွာပါဝင်

မိမိတို့နှစ်နိုင်ငံသည် ဘက်မလိုက်လှုပ်ရှားမှုနှင့် ကုလသမဂ္ဂမျက်နှာစာတို့တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိကြပြီး ယခုလအတွင်း ကျင်းပမည့် Afro-Asian Conference သို့ တက်ရောက်ကြမည်ဖြစ်ကြောင်း ပြောကြားပြီး နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေး ပူးတွဲကော်မရှင်ကို အခြေခံလျက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ(ACMEC) အဖွဲ့၊ ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် လေးနိုင်ငံအဖွဲ့နှင့် အာဆီယံအဖွဲ့ကြီးတို့သည် ယန္တရားလေးရပ်သဖွယ် နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် အရေးပါလျက်ရှိ။

ဂုဏဝိသိဋ္ဌပူဇာ အခမ်းအနားကျင်းပ

ရန်ကုန် ဧပြီ ၁၁

ပုသိမ်အသင်း(ရန်ကုန်)ကကြီးမှူး၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တသြဘာသဘိဝံသ အရှင်သူမြတ်နှင့် နိုင်ငံတော်မှ ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးကိုးပါးနှင့် လူပုဂ္ဂိုလ်နှစ်ဦးတို့အား ဂုဏ်ပြုချီးကျူးပူဇော်ပွဲကို ယမန်နေ့က ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ကြားတောရလမ်းရှိဇရာဝတီတိုင်း ဓမ္မာရုံ၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ညောင်တုန်းမြို့ ပုဏ္ဏမာရာမဈေးကျောင်းတိုက်ဆရာတော်အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြဘာသဘိဝံသ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်များ ရရှိတော်မူကြသော ဇရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တ ဝိသုတ၊ ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် သာသနာ့ပါလ သာသနာပြုဘုန်းတော်ကြီး ပညာသင်ကြားရေးကျောင်းဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာစက္က၊ ဇရာဝတီတိုင်း ငပုတောမြို့ မြောက်ပိုင်းရပ်ကွက် စိန်ပန်းကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလ၊ ဇရာဝတီတိုင်း ပုသိမ်မြို့ ရတနာ့အုတ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ နန္ဒမာလာ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဇရာဝတီတိုင်း ကန်ကြီးထောင့် မြို့နယ် လပဟာကလူကျေးရွာ ဓမ္မသုခကာရီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကုန္ဒြိယ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဇရာဝတီတိုင်း မအူပင်မြို့နယ် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ဆရာတော် ဘဒ္ဒန္တဥာဏုတ္တရ၊ မဟာကမ္မဋ္ဌာနာစရိယ ဘွဲ့တံဆိပ်တော်ရ ဇရာဝတီတိုင်း ရေကြည်မြို့နယ် နေဝင်းရပ်ကွက် သီတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဓမ္မိသရ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဇရာဝတီတိုင်း ကျောင်းကုန်းမြို့နယ်(၁)ရပ်ကွက် မဟာဝိသုတာရာမကျောင်းတိုက် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းဆရာတော်ဘဒ္ဒန္တ ပဏ္ဍိစ္စ၊သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဇရာဝတီတိုင်း ငပုတောမြို့နယ် ဒီဒူးကုန်းရွာထူပါရုံကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တ ကောသလ္လတို့ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ မြင့်မောင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် ဌာနဆိုင်ရာများ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဦးညွန့်စိန်၊ သီဟသုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော်ရဦးစိုးသိမ်း၊ပုသိမ်အသင်း အမှုဆောင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပုသိမ်အသင်း အတွင်းရေးမှူး ဦးစိုးဟန်လင်းက အခမ်းအနားဖွင့်စာတမ်းဖတ်ကြား လျှောက်ထား၍ ဆရာတော် သံဃာတော်အရှင်သူ မြတ်တို့ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီးပုသိမ်အသင်းဥက္ကဋ္ဌ ဦးသန်းထွန်းက ပူဇော်ရခြင်းအကြောင်းလျှောက်ထားသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပုသိမ်အသင်း အမှုဆောင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပုသိမ်မြို့ အမှတ်(၂)ရပ်ကွက် နိဂြောဓာရုံညောင်ပင်သာပရိယတ္တိစာသင်တိုက်ရှိဆောက်လုပ်ဆဲဖြစ်သော သောတုဇနသုံးထပ်ကျောင်းဆောင်သစ်ကြီးအတွက် ပုသိမ်အသင်းအတွင်းရေးမှူးဦးစိုးဟန်လင်းနှင့် မိသားစုက ဒုတိယအကြိမ်အဖြစ် ငွေကျပ်သိန်း၃၀ကို လှူဒါန်းရာ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က လက်ခံရယူပြီး **(အောက်ပုံ)** လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ (သတင်းစဉ်)

လင်းလွန်း(၁၀၈)ပင် မဟာရွှေစေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဧပြီ ၁၁

ဇရာဝတီတိုင်း ဖျာပုံခရိုင်ဘိုကလေးမြို့သင်္ကာတောရကျောင်းတိုက် လင်းလွန်း(၁၀၈)ပင် မဟာရွှေ စေတီတော်မြတ်ကြီး၏ ဒုတိယအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ရွှေတိဂုံစေတီတော် အင်္ဂါသမာဓိအသင်း သြဝါဒါစရိယသင်္ကာတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒောဘာသနှင့် သြဝါဒါစရိယ ဆရာတော်ကြီးများ ကြီးမှူး၍ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ဧပြီ ၁၇ ရက်မှ ၂၀ရက်အထိ လည်းကောင်း၊ ဘိုကလေးဆရာတော်အားသိက္ခာတော်ထပ်ပွဲနှင့် ရဟန်းခံရှင်ပြုမင်္ဂလာပွဲကို ဧပြီ ၂၁ ရက်နှင့် ၂၂ရက် နေ့တို့တွင်လည်းကောင်း ကျင်းပသွားမည်ဖြစ်ပြီး ယင်းနေ့နံနက် ၉ နာရီခွဲတွင် ပင့်သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူ၍ နံနက်၁၀နာရီခွဲ တွင် ဆွမ်းဆက်ကပ်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့်အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံးမိသားစုများက ကြိုဆိုကြစဉ်နှင့် ကမ္ဘောဒီးယားပြည်သူများက ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံနှင့် ကမ္ဘောဒီးယား နိုင်ငံအလံများဖြင့် ယမ်းကြိုဆိုကြစဉ်။

(သတင်း-၃) (သတင်းစဉ်)

အဲဗာတန်က ခရစ္စတယ်ပဲလေ့ကို လေးဂိုးပြတ်အနိုင်ရ

လန်ဒန် ဧပြီ ၁၀

ပရီမီယာယှဉ်ပြိုင်ပွဲများတွင် အဲဗာတန်အသင်းနှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ ကာဒီဆန်ကွင်းတွင် ယနေ့ ယှဉ်ပြိုင်ကစားကြရာ အဲဗာတန်အသင်းက တစ်ဖက်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အပြတ်အနိုင်ရရှိသွားသည်။

အဲဗာတန်အသင်းအတွက် ဖွေ့ဆော်ဦးဂိုးကို ပထမပိုင်း ခုနစ်မိနစ်တွင် အလွတ်ကန်ခွင့်ရရှိရာ မစ်ကယ် အတီတာက သွင်းယူလိုက်သည့်အတွက် ရရှိခဲ့သည်။

ဒုတိယပိုင်းပွဲစပြီး ၄၇ မိနစ်နှင့် ၅၄ မိနစ်အချိန်များတွင် တင်မ်ကာချီးလ်က နှစ်ဂိုးသွင်းယူနိုင်သဖြင့်ပြိုင်ပွဲကို အဲဗာတန်ကဦးဆောင်ကာ ကစားနေခဲ့သည်။ တစ်ဖန် ကစားချိန် ၈၇ မိနစ်အရောက်တွင်ဒီဗျူတန်ဂျိမ်းစ်ဗောင်ဟန်ကသွင်းယူသဖြင့်အဲဗာတန်အသင်းအတွက် ယခုပွဲတွင် စတုတ္ထနှင့် နောက်ဆုံးဂိုးရရှိသွားသည်။

ပွဲကစားချိန် တစ်လျှောက်လုံးတွင် ခရစ္စတယ်ပဲလေ့စ်အသင်းက ချေပဂိုးသွင်းနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲပြီးချိန်အထိ ဂိုးမသွင်းနိုင်သဖြင့် လေးဂိုး-ဂိုးမရှိဖြင့်သာ ပွဲသိမ်းခဲ့ရသည်။

ထိုပွဲတွင် အဲဗာတန်အသင်းမှ စတုတ္ထဂိုးရှင်အသက်၁၆နှစ်အရွယ်ရှိအားကစားသမား ဗောဂ်ဟန်သည် ပရီမီယာလိဂ်ပြိုင်ပွဲများတွင် အသက်အငယ်ဆုံး ဂိုးသွင်းနိုင်သူအဖြစ် မှတ်တမ်းဝင်သွားပြီ ဖြစ်သည်။ **အင်တာနက်။**

အက်စတန်ဗီလာနှင့် ဝက်စ်ဘရွန်း တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်

လန်ဒန် ဧပြီ ၁၁

အက်စတန်ဗီလာအသင်းနှင့် ဝက်စ်ဘရွန်းအသင်းတို့သည် ပရီမီယာလိဂ်ပွဲစဉ်ကို ယနေ့ဆက်လက်ယှဉ်ပြိုင်ကြရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေကျခဲ့ရသည်။

အက်စတန်ဗီလာအသင်းအတွက်ဂိုးကို ပွဲကစားချိန် ၂၇မိနစ်တွင် ဒါရီယပ်စ်ဗက်ဆဲလ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

ချေပဂိုး

ပြိုင်ဘက်ဝက်စ်ဘရွန်းအသင်းသည် ချေပဂိုးရရှိရေးအတွက် ကြိုးစာ ကစားခဲ့ရာ ပွဲပြီးလုနီးပါးအချိန်တွင် ရော်ဘင်ဆင်က ခေါင်းတိုက်သွင်းနိုင်ခဲ့သဖြင့် ဝက်စ်ဘရွန်း အသင်းအတွက် ချေပဂိုး ရရှိသည်။

ကင်းဝေး

ဝက်စ်ဘရွန်းအသင်းသာ ချေပဂိုး မသွင်းနိုင်လျှင် ထိုအသင်းသည် ပြိုင်ပွဲမှ အဆင့်ချခံရတော့မည့် အခြေအနေရှိသည်။ သို့ရာတွင် ယခုဂိုးကြောင့် ထိုအဖြစ်မှ ကင်းဝေးသွားရသည်။

ခေါင်းတိုက်သွင်း

အက်စ်တန်ဗီလာအသင်းမှ ဒါရီရပ်ဗ်ဗာဆဲလ်က ဝက်စ်ဘရွန်းအသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းယူစဉ်။

ဝက်စ်ဘရွန်းအသင်းမှ မန်နေဂျာ ဘရိုင်ယင်ရော့ဘ်ဆင်က မိမိအသင်း၏ ယခုပွဲကစားပုံကို ကျေနပ်ကြောင်း ပြောကြားသွားသော်လည်း အက်စတန်ဗီလာအသင်းမှမန်နေဂျာဒေးဗစ်အိုလာရီကမူ မိမိအသင်းနိုင်သင့်လျက် အနိုင်ရအောင် မကစားနိုင်သဖြင့် ကစားပုံကို အားမရကြောင်း ပြောကြားသွားသည်။

အင်တာနက်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၄-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာသကြန်
၈:၀၀ ၇။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၉။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၀။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် -Keynesion Policy Applied to the Economy (ဒုတိယနှစ်-ပြည်သူ့ရေးရာ)**
၅:၃၀ ၉။ မြန်မာသကြန်
၅:၄၅ ၁၀။ သာယာသိကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာသကြန်
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ကျောက်မဖြစ်တဲ့နှလုံးသားရုပ်ကြွင်း (အပိုင်း-၅)**
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ကျန်းမာသုတအစီအစဉ်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်သူသူရဲကောင်း" (အပိုင်း-၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် ဖနောင်ပင်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဧပြီ ၁၁

ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းခေါင်းဆောင်သည့် မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များအား ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်သည် ဧပြီ ၉ရက် နံနက် ၇နာရီခွဲတွင် ဖနောင်ပင်မြို့ Hotel Inter- Continental ရှိ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ဂုဏ်ပြုနှုတ်ဆက်

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာရန် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်နှင့်အတူ နံနက် ၇နာရီခွဲတွင် ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိကြရာ လေဆိပ်အဝင်လမ်းတစ်လျှောက်ရှိ လမ်းဘေးဝဲ/ယာတို့မှ ကျောင်းသား၊ ကျောင်းသူများက နှစ်နိုင်ငံအလံငယ်များ ဝှေ့ယမ်း၍ နှုတ်ဆက်ကြသည်။

ထို့နောက် ဂုဏ်ပြုနှုတ်ဆက်ပွဲအခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြရာ နိုင်ငံတော်တီးဝိုင်းက ကမ္ဘောဒီးယားနိုင်ငံသီချင်းနှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်သီချင်းတို့ကို တီးမှုတ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းအား ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းသည် လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ သံအမတ်ကြီးများ၊ မြန်မာနိုင်ငံ သံအမတ်ကြီးနှင့် ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် လေယာဉ်လှေကားရင်းအထိ လိုက်ပါပို့ဆောင်နှုတ်ဆက်သည့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်အား ရင်းရင်းနှီးနှီး ထပ်မံနှုတ်ဆက်ကာ နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ခေါင်းဆောင်သော မြန်မာချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာလာကြရာ နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်တို့ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဂုဏ်ပြုနှုတ်ဆက်ပွဲ အခမ်းအနားတွင် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။
(သတင်းစဉ်)

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနား တက်ရောက်မိန့်ခွန်းပြောကြား

ရန်ကုန် ဧပြီ ၁၁

တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် စနာရီခွဲတွင် ဗထူးတပ်မြို့ တပ်မတော်(ကြည်း) ဗိုလ်သင်တန်းကျောင်း စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ❁

ငွေဓားဆုချီးမြှင့်

ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တပ်မတော်(ကြည်း)ဗိုလ်သင်တန်းကျောင်း ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၀၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် အကောင်းဆုံး ဗိုလ်လောင်းဆုရရှိသူ ဗိုလ်လောင်း အောင်ကျော်မြင့်အား ငွေဓားဆု ချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူများသည် မိမိတို့ပန်းတိုင်ကို ကိုယ်တိုင်ရွေးချယ်ချီတက်လျက်ရှိ ပြင်ပမှ စွပ်စွဲမှုများနှင့် ဟန့်တားနှောင့်ယှက်မှုများမရှိလျှင် ဒီမိုကရေစီပန်းတိုင်သို့ မြန်မြန်ရောက်ရှိမည်

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း

မြန်မာနိုင်ငံတွင် နိုင်ငံရေးမူဝါဒလမ်းစဉ်(၇)ရပ်နှင့် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပနေသည်ကို ကြိုဆို ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံဘက်မှ အခိုင်အမာ ရပ်တည်ထောက်ခံ

ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်

ရန်ကုန် ဧပြီ ၁၁

ကမ္ဘောဒီးယားနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းခေါင်းဆောင်သော မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ဧပြီ ၈ရက် ညနေ ၃နာရီ ၃၅မိနစ်တွင် ခေတ္တတည်းခိုသည့်ဟိုတယ်မှ အထူးယာဉ်တန်းဖြင့် ဖနောင်ပင်မြို့ရှိ ဝန်ကြီးများကောင်စီရုံးသို့ ရောက်ရှိကြရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်က ကြိုဆိုနှုတ်ဆက်သည်။ **စာမျက်နှာ ၁၁ ကော်လံ ၂ သို့** ❐

နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန် ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မဟာသင်္ကြန်ကာလအတွင်း သတင်းစာများ အလှည့်ကျထုတ်ဝေမည်

ရန်ကုန် ဧပြီ ၁၁

၁၃၆၆ခုနှစ် မဟာသင်္ကြန်ကာလအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် နယူးလိုက်အော့ဖ်မြန်မာ သတင်းစာတို့ကို အလှည့်ကျထုတ်ဝေသွားမည်ဖြစ်သည်။

ဧပြီ ၁၃ရက် မဟာသင်္ကြန်အကြိုနေ့၊ ဧပြီ ၁၄ ရက် မဟာသင်္ကြန်အကျနေ့နှင့် ဧပြီ ၁၅ရက် မဟာသင်္ကြန်အကြတ်နေ့တို့တွင် ကြေးမုံသတင်းစာကို ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ နားမည်ဖြစ်သည်။

ဧပြီ ၁၆ရက် မဟာသင်္ကြန်အတက်နေ့၊ ဧပြီ ၁၇ရက် ၁၃၆၇ခုနှစ် မြန်မာနှစ်ဆန်းတစ်ရက်နေ့နှင့် ဧပြီ ၁၈ရက်နေ့တို့တွင် မြန်မာ့အလင်းသတင်းစာနှင့် နယူးလိုက်အော့ဖ်မြန်မာသတင်းစာတို့ ထုတ်ဝေသွားမည်ဖြစ်ပြီး ယင်းနေ့များတွင် ကြေးမုံသတင်းစာ နားမည်ဖြစ်သည်။ (သတင်းစဉ်)